# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၀၀၅)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ခေတ်မီတိုးတက်ပြောင်းလဲနေသော ပညာခေတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ဆရာများသည် ခေတ်မီအတတ်ပညာများ၊ နည်းပညာများကို အစဉ်လေ့လာသင်ယူနေကြရန်လိုအပ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

### ( ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများ ခင်ဗျာ..**

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ယနေ့ အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးမှ ဆရာ ဆရာမများ၏ မြင့်မြတ်ကြီးမားသောဂုဏ်ကို ချီးကျူးဂုဏ်ပြုသတ်မှတ်သည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကမ္ဘာ့ဆရာများနေ့ဖြစ်ပါသည်။

၁၉၉၄ ခုနှစ်မှစတင်ကာ နှစ်စဉ်အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ကမ္ဘာအနှံ့ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် (၃၂) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## “ရွှေနှစ် ၁၀၀ ထူးချွန်မှု၊ ဆန်းသစ်တီထွင်ဦးဆောင်ပြု၊ စိတ်ဉာဏ်စွမ်းအားတိုးမြှင့်ထား၊ အနာဂတ်ကိုပုံဖော်ထား”



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် တက္ကသိုလ်အဓိပတိများနှင့် ပါမောက္ခချုပ်များ၊ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည့် အထင်ကရပုဂ္ဂိုလ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၄**

မန္တလေးတက္ကသိုလ်နှစ်(၁၀၀) ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပညာရှင်၊ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား

*စာမျက်နှာ ၄ ကော်လံ ၁* ❏

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ *ရှေ့ဖုံးမှ*

❑ **ဆရာတို့သည် လူ့ဘောင်လောကအဖွဲ့အစည်းကို ပညာဖြင့် အလှဆင်ပေးနေကြသော ပညာရှင်များ၊ တပည့်များအပေါ် ရှေ့ဆောင်လမ်းပြပေးနေသော စေတနာရှင်၊ ဝါသနာရှင်များ၊ တပည့်သားမြေးတို့ကို ရင်ဝယ်သားပမာ အကြင်နာတရားအပြည့်နှင့် သင်ကြားပြသ ဆိုဆုံးမပေးနေသော ကရုဏာရှင်များ၊ တပည့်တို့၏ စိုးရိမ်ကြောင့်ကြမှုများကို ဖြေဖျောက်ပေးစွမ်းနိုင်သော မေတ္တာရှင်များ၊ လှပကျော့ရှင်း ရန့်သင်းသည့် ပန်းကောင်းပန်းပွင့်များ ပွင့်လန်းစေသည့် ဥယျာဉ်မှူးများဖြစ်**

မိမိတို့မြန်မာနိုင်ငံတွင်လည်း ပညာရေးပန်းတိုင်သို့ အရောက်လှမ်းနိုင်စေရေး၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှ နောက်ကျမကျန်ခဲ့စေရန် ဝါသနာ၊ စေတနာ၊ အနစ်နာ စသည့်ကောင်းမွန်မြင့်မြတ်မှုတို့ဖြင့် အစဉ်အမြဲကြိုးစားနေသည့် ဆရာများကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှ စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၂၃) နှစ်ရှိပြီဖြစ်ပါသည်။

ဆရာဟူသည် မိမိတို့၏ တပည့်များကို အသိပညာမြှင့်တင်ပေးသူ၊ ကျွမ်းကျင်မှုတစ်ခုခုရစေရန် စွမ်းဆောင်ပေးနိုင်သူ၊ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးသူ၊ ဘဝခရီးလမ်း ဖြောင့်မတ်စွာ လျှောက်လှမ်းနိုင်စေရန် ပညာရပ်များကို သင်ကြားပို့ချပေးသူ၊ အကောင်းအဆိုး၊ အကြောင်းအကျိုးခွဲခြားနိုင်မှုကို သိမြင်စေသူ၊ တပည့်များ၏ ဘဝနှင့်လောကကို အလှဆင်သူများဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ဆရာ့ကျေးဇူးကို အထူးသိမြင်ပြီး မင်္ဂလာတရားတော်နှင့်အညီ ပူဇော်ဦးခိုက်ကန်တော့ကြသည့် ထုံးတမ်းစဉ်လာသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တည်ရှိခဲ့ပြီး ယနေ့ထက်တိုင်လည်း တည်တံ့ခိုင်မြဲလျက်ရှိပါသည်။

အင်းဝခေတ်၌ ဆရာတော်ရှင်မဟာသီလဝံသက **"တိလောကဟု"** အစချီသော ဆုံးမစာတွင် **"တိလောကဟု၊ မရနိုင်းတူ ဘက်မပြုသည်၊ သုံးဆူရတနာ မာတာပီတ၊ ဆရာစသားအရှင်များ"** ဟူ၍လည်းကောင်း၊ ဆရာတော်ရှင်မဟာရဋ္ဌသာရက **"ဂမ္ဘီသာရ"** ဆုံးမစာတွင် **"ပညာရင့်ညှောင်း၊ သူတော်ကောင်းတို့၊ ကျိုးကြောင်းဟုတ်လှ၊ ထုံးစံပြသား၊ ဆုံးမစကား၊ ကျေးဇူးများကို၊ ကြားကြားသရွေ့၊ ရှွင်ပျော်မွေ့လျက်"** ဟူ၍လည်းကောင်း ဆရာတို့၏ ရိုသေလေးစားထိုက်သည့် ဂုဏ်ကျေးဇူးများကို ဖွဲ့ဆိုခဲ့ပါသည်။

ဆရာတို့သည် လူ့ဘောင်လောက အဖွဲ့အစည်းကို ပညာဖြင့် အလှဆင်ပေးနေကြသော ပညာရှင်များ၊ တပည့်များအပေါ် ရှေ့ဆောင်လမ်းပြပေးနေသော စေတနာရှင်၊ ဝါသနာရှင်များ၊ တပည့်သားမြေးတို့ကို ရင်ဝယ်သားပမာ အကြင်နာတရားအပြည့်နှင့် သင်ကြားပြသ ဆိုဆုံးမပေးနေသော ကရုဏာရှင်များ၊ တပည့်တို့၏ စိုးရိမ်ကြောင့်ကြမှုများကို ဖြေဖျောက်ပေးစွမ်းနိုင်သော မေတ္တာရှင်များ၊ လှပကျော့ရှင်း ရန့်သင်းသည့် ပန်းကောင်းပန်းပွင့်များ ပွင့်လန်းစေသည့် ဥယျာဉ်မှူးများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ဘုရားနှင့် တစ်ဂိုဏ်းတည်း အနန္တော၊ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် ရိုသေလေးစား ဦးခိုက်ပူဇော်ခြင်းကို ခံယူထိုက်ကြပါသည်။

ဆရာဆိုသည်မှာ **"စာကိုလည်းသင်၊ လူကိုလည်းပြင်"** ဟူသော အဆိုအမိန့်အရ ဆရာ ဆရာမများသည် ဘာသာရပ်သင်ကြားသူ သက်သက်သာမက၊ ကျောင်းသား ကျောင်းသူများအား ဘက်စုံထူးချွန်သူ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် နိုင်ငံချစ်စိတ်ရှိသူ၊ စည်းကမ်းကို တန်ဖိုးထား လေးစားလိုက်နာသူ၊ ကြောင်းကျိုးဆက်စပ် စဉ်းစားတွေးခေါ်တတ်သူ၊ ကိုယ်ချင်းစာစိတ်ထားတတ်ကြစေရန် လမ်းပြပေးပြီး အများအကျိုး ဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြရပါမည်။ နိုင်ငံ့သားကောင်း၊ ကမ္ဘာ့သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရေးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာ ကျွမ်းကျင်စရာစသည်တို့ကို လောကဇာတ်ခုံ အတွေ့အကြုံများကို ပေါင်းစပ်၍ လေ့လာမှတ်သားဖွယ်ရာများကို စိတ်ဝင်စားဖွယ် သင်ကြားပျိုးထောင်ပေးကြရပါမည်။

ခေတ်မီတိုးတက်ပြောင်းလဲနေသော ပညာခေတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ဆရာများသည် ခေတ်မီအတတ်ပညာများ၊ နည်းပညာများကို အစဉ်လေ့လာ သင်ယူနေကြရန်လည်း လိုအပ်ပါသည်။ ဆရာ ဆရာမများသည် မိမိတို့၏ တပည့်များကို အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပြုစုပျိုးထောင်နေရသူများဖြစ်ရာ မိမိတို့၏အရည်အသွေး တိုးတက်မှုအတွက်လည်း စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရပါမည်။

နိုင်ငံတော်အနေဖြင့်လည်း ဆရာ ဆရာမများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အသွေး တိုးတက်စေရန်နှင့် သင်ကြားရေးအဆင့်အတန်း မြင့်မားစေရန် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆရာ ဆရာမများ၏ သင်ကြားရေး စွမ်းဆောင်ရည်တိုးတက်စေရန် အထူးသဖြင့် (၂၁)ရာစု စွမ်းရည်များနှင့် ကိုက်ညီအောင် သင်ကြားရေးနည်းလမ်းများ တီထွင်အသုံးချခြင်း၊ ဒစ်ဂျစ်တယ်စွမ်းရည်များ ထည့်သွင်းအသုံးချခြင်း၊ စာကြည့်တိုက်အခြေပြု လေ့လာသင်ကြားစေခြင်းတို့ကို ဆောင်ရွက်နိုင်ရန်တို့အတွက် စွမ်းရည်မြှင့်သင်တန်းများ ပြုလုပ်ပေးလျက်ရှိပါသည်။

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးမြင့်မားမှုအပေါ်တွင် မူတည်လျက်ရှိနေပါသည်။ ဆရာတို့၏ အဓိကတာဝန်သည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသော၊ အရည်အသွေးပြည့်ဝပြီး ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများအဖြစ် ကျောင်းသားလူငယ်လူရွယ်များကို မွေးထုတ်ပေးကြရမည်ဖြစ်ပါသည်။ တွေးခေါ်မြော်မြင်မှုမြင့်မားသည့် ပညာတတ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်မှသာ ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းတွင် ပညာရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က အလေးထားအားပေးဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ ရောက်ရှိပညာသင်ကြားနိုင်စေရေးနှင့် တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားစေရေးတို့အတွက် အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် အမြဲမပြတ် ဆက်လက်အားပေးဖြည့်ဆည်းသွားမည်ဖြစ်ပါသည်။ မိဘ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများကလည်း လက်တွဲညီပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ယနေ့ခေတ်ကမ္ဘာတွင် နိုင်ငံအသီးသီး၌ အရည်အသွေး ကောင်းမွန်သည့် ပညာရေးကို ဆောင်ကြဉ်းပေးနိုင်သော ဆရာကောင်းများ အမှန်ပင်လိုအပ်လျက်ရှိသည့်အတွက် မျိုးဆက်သစ် ဆရာကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ အရည်အသွေးကောင်းမွန်သော ဆရာများရရှိစေရန် လုပ်ငန်းခွင်အတွင်းမှ ဆရာများ၊ လုပ်ငန်းခွင်အတွင်းသို့ ထပ်မံဝင်ရောက်လာမည့် ဆရာများအတွက်ပါ စနစ်တကျ ကောင်းမွန်စွာ ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ဆရာ့လုပ်ငန်းခွင် အခြေအနေများကို သာလွန်ကောင်းမွန်လာစေရန် ကြိုးပမ်းအားထုတ်ဖော်ဆောင်ပေးကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်လူ့ဘောင်ကို တည်ထောင်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာရှိမှု၊ ကျွမ်းကျင်မှုနှင့် ပင်ကိုယ်အရည်အချင်းပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်သစ် လူငယ်လူရွယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုး သယ်ပိုးကြမည့် အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ မတူကွဲပြားမှုကို နားလည်လက်ခံပြီး တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားကာ ငြိမ်းချမ်းရေးအခြေခံအသိများဖြင့် လက်တွေ့ကျင့်သုံးနေထိုင်တတ်သော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် မိမိတို့၏ တပည့်သားသမီးများကို ဆရာ့ဝတ်၊ မိဘဝတ်များနှင့်အညီ သင်ကြားလေ့ကျင့်ပျိုးထောင်ပေးကြပါရန် ကမ္ဘာ့ဆရာများနေ့အခါသမယတွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ဆရာ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ပညာရေးတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေ၊ စိတ်ကောင်းစေတနာဖြင့် ပညာပါရမီဖြည့်ဆည်းပေးနေကြသူများ ဖြစ်သည့်အတွက် ကောင်းကျိုး အရာရာ ပြည့်ဝနိုင်ပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

**သတင်းစဉ်**

**❝ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းတွင် ပညာရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က အလေးထားအားပေးဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ ရောက်ရှိပညာသင်ကြားနိုင်စေရေးနှင့် တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားစေရေးတို့အတွက် အလေးထားဆောင်ရွက်သွားကြရမည် ❞**







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတက္ကသိုလ် နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❑ *ရွှေဖိုးမှ*

ကျောင်းသူများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် အခမ်းအနားအစီအစဉ်ပထမပိုင်းကို စတင်ကျင်းပပြုလုပ်ရာ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့် တက်ရောက်လာကြသူများက မန္တလေးတက္ကသိုလ် နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် မော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ဆက်လက်ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ ပါမောက္ခချုပ်များသည် မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် မန္တလေးလျှောင်ကြီးလှုပ်ခတ်စဉ် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည့် တက္ကသိုလ်ပင်မဆောင်ကြီးအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ခင်းကျင်းပြသထားသည့် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် တက္ကသိုလ်

❖ **"မန္တလေးတက္ကသိုလ်" သည် ဂုဏ်သိက္ခာမြင့်မားခြင်း၊ တင့်တယ်ခမ်းနားခြင်း၊ သမိုင်းအစဉ်အလာကောင်းမွန်ခြင်း၊ ပညာဂုဏ်သတင်းကျော်ကြားခြင်း၊ ထူးချွန်ထက်မြက်သည့် ထူးချွန်ပညာတတ်မောင်မယ်များ မွေးထုတ်နိုင်ခြင်း စသည့် ဂုဏ်ဒြပ်များနှင့်ပြည့်စုံပြီး "ပညာဖြန့်ဝေရာ တက္ကသီလာ" အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည်မှာ ယခုဆိုပါက နှစ်ပေါင်း(၁၀၀)တိုင်ခဲ့ပြီဖြစ်၊**

❖ **ထိုကဲ့သို့ ရွှေရတုနှစ်ဆက်တိုင်တိုင် အဓွန့်ရှည်ကြာ တည်တံ့လာခဲ့သည့် မန္တလေးတက္ကသိုလ်ကြီးအတွက် ဂုဏ်ပြုဂုဏ်ယူ**

အဓိပတိများနှင့် ပါမောက္ခချုပ်များ၊ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည့် အထင်ကရပုဂ္ဂိုလ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက "မန္တလေးတက္ကသိုလ် ရာပြည့်သဘင်" Theme Song ဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာတွင် **"မန္တလေးတက္ကသိုလ်"** သည် ဂုဏ်သိက္ခာမြင့်မားခြင်း၊ တင့်တယ်ခမ်းနားခြင်း၊ သမိုင်းအစဉ်အလာကောင်းမွန်ခြင်း၊ ပညာဂုဏ်သတင်းကျော်ကြားခြင်း၊ ထူးချွန်ထက်မြက်သည့် ထူးချွန်ပညာတတ်မောင်မယ်များ မွေးထုတ်နိုင်ခြင်း စသည့် ဂုဏ်ဒြပ်များနှင့်ပြည့်စုံပြီး **"ပညာဖြန့်ဝေရာ တက္ကသီလာ"** အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည်မှာ ယခုဆိုပါက နှစ်ပေါင်း(၁၀၀)တိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရွှေရတုနှစ်ဆက်တိုင်တိုင် အဓွန့်ရှည်ကြာ တည်တံ့လာခဲ့သည့် မန္တလေးတက္ကသိုလ်ကြီးအတွက် ဂုဏ်ပြုဂုဏ်ယူပါကြောင်း၊ ထို့ကြောင့်လည်း **"ရာပြည့်သဘင်"** အခမ်းအနားကြီးကို ယခုကဲ့သို့ တခမ်းတနားကျင်းပခြင်းပင်ဖြစ်ကြောင်း။

မန္တလေးမြို့သည် ရှေးမြန်မာမင်းများ ထီးနန်းစိုက်ရာ မင်းနေပြည်တော် ဖြစ်ခဲ့သည့်အတွက် နန်းတွင်းဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းဝင်အနုပညာလက်ရာများနှင့် ထုံမွမ်းနေသကဲ့သို့ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့သည့် သမိုင်းဂုဏ်ရောင် ထွန်းပြောင်သည့် ဒေသလည်းဖြစ်ကြောင်း၊ မန္တလေးမြို့၏ ဂုဏ်ကျက်သရေကို ခံ့ညားထည်ဝါအောင် ဂုဏ်ဆောင်ပေးနေသည့် အထင်ကရ အမှတ်သင်္ကေတများတွင် **"မန္တလေးတက္ကသိုလ်"** သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း။

**ဂုဏ်ထူးတန်းနှင့် မဟာတန်းများအထိ ပို့ချပေး**

မန္တလေးတက္ကသိုလ်၏ ကနဦးအစဖြစ်သည့် မန္တလေးဥပစာကောလိပ်ကို ၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် လက်အောက်ခံအဖြစ် သန္ဓေတည်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ်မှာ မန္တလေး ယူနီဗာစီတီ ကောလိပ်အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ၁၉၅၈ ခုနှစ် ဇွန်လ ၁ ရက်တွင် မန္တလေးတက္ကသိုလ်ကို သီးခြားတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးတက္ကသိုလ်ကို စိုက်ပျိုးရေးမဟာဌာန၊ ဆေးပညာမဟာဌာန၊ သိပ္ပံမဟာဌာန၊ ဝိဇ္ဇာမဟာဌာန စသည့် မဟာဌာနကြီး (၄) ခုဖြင့် ဖွဲ့စည်းခဲ့ပြီး လက်အောက်ခံကောလိပ်များ ဖွင့်လှစ်ခဲ့သည့်အပြင် ဂုဏ်ထူးတန်းနှင့် မဟာတန်းများအထိ ပို့ချပေးခဲ့ကြောင်း။

၁၉၆၄ ခုနှစ် တက္ကသိုလ်ပညာရေးအက်ဥပဒေအရ တက္ကသိုလ်နှင့် ကောလိပ်များကို **"ဝိဇ္ဇာနှင့် သိပ္ပံပညာရေးဆိုင်ရာ တက္ကသိုလ်"** နှင့် **"အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်"** ဟူ၍နှစ်မျိုးခွဲပြီး ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ မန္တလေးတက္ကသိုလ်၏ ဌာနကြီးလေးခုအနက် ဆေးသိပ္ပံမဟာဌာနသည် **"မန္တလေးဆေးတက္ကသိုလ်"** ဖြစ်လာပြီး စိုက်ပျိုးရေး မဟာဌာနသည် **"မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်"** ဖြစ်လာခဲ့ကြောင်း၊ ကျန်သည့် သိပ္ပံမဟာဌာနနှင့်

*စာမျက်နှာ ၅ သို့*




ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

*စာမျက်နှာ ၄ မှ*

ဝိဇ္ဇာမဟာဌာနတို့ကို ပေါင်း၍ **"မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်"** အဖြစ် ဖွင့်လှစ်ခဲ့ပြီး MASU (မာဆူး) ဟုလည်း အမည်တွင်ကျယ်ခဲ့ကြောင်း၊ ၁၉၈၁ ခုနှစ်၌မှ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ကို မူလအမည်ဖြစ်သည့် **"မန္တလေး တက္ကသိုလ်"** ဟု ပြန်လည်ပြောင်းလဲခဲ့ပြီး ယနေ့ထိတိုင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်လာခဲ့ခြင်းဖြစ်ကြောင်း။

**လွန်စွာဂုဏ်ယူစရာဖြစ်**

မန္တလေး တက္ကသိုလ်ကြီး၏ သမိုင်းကြောင်း အစဉ်အလာကောင်းမွန်မှု၊ ပညာရေးအုတ်မြစ်ခိုင်မာမှု၊ အရည်အသွေးပြည့်ဝမှု၊ အရင်းအမြစ်ကောင်းများနှင့် ဖွဲ့စည်းထားမှုများကြောင့် ရာစုနှစ်တစ်ခုအတွင်းတွင် ပါရဂူဘွဲ့ရရှိသူ ၂,၉၆၀၊ မဟာဘွဲ့ရရှိသူ ၁၁,၃၃၉ ဦး၊ မဟာသုတေသနဘွဲ့ရရှိသူ ၁,၆၀၇ ဦး၊ ဂုဏ်ထူးဘွဲ့ရရှိသူ ၉,၁၇၂ ဦး၊ မဟာဒသနဘွဲ့ရရှိသူ ၂၃၉ ဦး၊ ရိုးရိုးဘွဲ့ရရှိသူ ၉၆,၀၁၂ ဦးနှင့် ဒီပလိုမာရရှိသူ ၇,၀၆၀ တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရကြောင်း၊ မန္တလေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် ဝိဇ္ဇာသိပ္ပံဘွဲ့ရများအနေဖြင့် စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် ထင်ရှားကျော်ကြားသည့် လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များအဖြစ် နိုင်ငံတော်ကို ကျေးဇူးတုံ့ပြန်လုပ်ကျွေးပြုစု နေကြသည်မှာလည်း လွန်စွာဂုဏ်ယူစရာဖြစ်ကြောင်း။

တက္ကသိုလ်ဆိုသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာဘူမိနက်သန်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြုသုတေသနများအစပြုဖော်ဆောင်ရာနေရာလည်း ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်ဝသည့် အရင်းအမြစ်များ မွေးထုတ်ရာတက္ကသိုလ်များနှင့် ကောလိပ်များ၊ သိပ္ပံများသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း။

**ခေတ်မီဘာသာရပ်များသင်ကြား**

ထို့ကြောင့် တက္ကသိုလ်များတွင် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ၊ ခေတ်မီဘာသာရပ်များကို ထည့်သွင်းသင်ကြားရုံဖြင့် မလုံလောက်ဘဲ တက္ကသိုလ်၏အသက်သွေးကြောဖြစ်သည့် **"သုတေသန"**များကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုတေသနကျမ်းများ ပြုစုရာတွင်ဖြစ်စေ၊ သင်ကြားသင်ယူရာတွင်ဖြစ်စေ စာကြည့်တိုက်အခြေပြု လေ့လာမှုအားကောင်းစေရေး ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

တက္ကသိုလ်တစ်ခု ရေရှည်တည်မြဲရန်ဆိုသည်မှာ ပါမောက္ခချုပ်များ၏ ကောင်းမွန်သည့် စီမံခန့်ခွဲမှု၊ ဆရာ ဆရာမများ၏ ကိုယ်တိုင်ကျွမ်းကျင် တတ်မြောက်မှု၊ သင်ကြားမှုဆိုင်ရာ အရည်အသွေးပြည့်ဝမှု၊ ကျောင်းသားများ၏ အမိတက္ကသိုလ်အပေါ် မြတ်နိုးတန်ဖိုးထားတတ်မှုနှင့် စိတ်ဓာတ်ကောင်းမွန်ရင့်ကျက်စေမှု၊ ဝန်ထမ်းများ၏ စိတ်စေတနာကောင်းများနှင့် စွမ်းဆောင်ရည်မြင့်မားမှုများအပေါ် မူတည်ကြောင်း၊ ထိုကဲ့သို့ ကဏ္ဍအသီးသီးမှ အစဉ်တစိုက်ကြိုးပမ်း စွမ်းဆောင်ခဲ့ကြသည့်အတွက် မန္တလေးတက္ကသိုလ်ကြီးသည် ကြီးမြတ်သည့်ဂုဏ်ပုဒ်ဖြင့် နှစ်(၁၀၀)တိုင် ရပ်တည်နိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကျောင်းတော်ကြီးအဖြစ် ဂုဏ်ယူဖွယ်ရာ မော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ယင်းကို ဂုဏ်ပြုသည့်အနေဖြင့် မန္တလေးတက္ကသိုလ်တွင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ခမ်းခမ်းနားနား ကျင်းပမည်ဖြစ်ပြီး ရာပြည့်သဘင် အထိမ်းအမှတ်အနေဖြင့် မန္တလေးတက္ကသိုလ်ဖြစ်ပေါ်တိုးတက်မှုသမိုင်း မှတ်တမ်းဓာတ်ပုံပြပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ သုတေသနပိုစတာပြပွဲများကို ခင်းကျင်းပြသသွားမည်ဟု သိရှိရကြောင်း။

ယခုကဲ့သို့ တက္ကသိုလ်များတွင် ရတုအဆက်ဆက် ပညာအမွေပေးနိုင်ရန် အစိုးရမှာသာမက သက်ဆိုင်သူအားလုံးနှင့် ပြည်သူတစ်ဦးချင်းစီတွင် တာဝန်ရှိကြောင်း၊ အဓိကမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းပြီး အဖျက်အမှောင့်များ ကင်းဝေးမှသာ ပညာကို အေးချမ်းစွာသင်ယူနိုင်မည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာရှိမှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့်ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံး ပညာတတ်ရန်၊ နိုင်ငံရေးအသိရှိရန်လိုကြောင်း။

**"ကဏ္ဍအသီးသီးမှ အစဉ်တစိုက် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည့်အတွက် မန္တလေးတက္ကသိုလ်ကြီးသည် ကြီးမြတ်သည့် ဂုဏ်ပုဒ်ဖြင့် နှစ်(၁၀၀)တိုင် ရပ်တည်နိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကျောင်းတော်ကြီးအဖြစ် ဂုဏ်ယူဖွယ်ရာ မော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်"**

**"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"**

နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် ကျန်းမာရေး၏ အရေးပါမှုကို အလေးထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၄)ရပ်တွင် **"နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းထားသကဲ့သို့ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ဘက်ပေါင်းစုံက ရင်းနှီးမြှုပ်နှံအားပေး ပံ့ပိုးပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးပညာရည်မြင့်မားလာစေရန် နိုင်ငံသားတိုင်း အခြေခံပညာအလယ်တန်း KG+9 အထိ ပြီးမြောက်စေရေး မိမိတို့အစိုးရအနေဖြင့် မူဝါဒချမှတ် အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတကာတွင် ဉာဏ်ရည်တု AI နည်းပညာကို နယ်ပယ်စုံတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တက္ကသိုလ်များကလည်း သင်ကြားသင်ယူမှုတွင် နည်းပညာ (Technology) နှင့်အတူ AI ပညာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် ပညာရှင်များက ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် လူသားအရင်းအမြစ်များ၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများ၊ ပါရဂူများကို မွေးထုတ်ပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအားထုတ်ကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အတွက် လိုအပ်သည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို နှစ်(၁၀၀)တိုင် စဉ်ဆက်မပြတ် မွေးထုတ်ပေးခဲ့သည့် မန္တလေးတက္ကသိုလ်၏ တာဝန်ကျေပွန်မှုနှင့် အစဉ်အလာကောင်းများကို လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း၊ နောင်ရာစုနှစ်များစွာတွင်လည်း နိုင်ငံတွင်းငြိမ်းချမ်းရေး၊

*စာမျက်နှာ ၆ သို့*




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ ပါမောက္ခချုပ်များ မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အခမ်းအနားကြီးအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူစဉ်။





မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး မြို့မတေးဂီတအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးစဉ်။

# မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၄

**မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာ စားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင် အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီး များနှင့်ဇနီးများ၊ ပညာရှင်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမ များ၊ မြို့မိ မြို့ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက် ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ နှင့် ကျောင်းသား ကျောင်းသူ ဟောင်းများက ကြိုဆိုနှုတ်ဆက် ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မန္တလေးတက္ကသိုလ် နှစ်(၁၀၀) ပြည့် ရာပြည့်သဘင် အထိမ်း အမှတ် ဂုဏ်ပြုညစာကို အတူ တကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီ နှင့် သုံးဆောင်နေစဉ်အတွင်း မန္တလေးတက္ကသိုလ်၊ မန္တလေး အဝေးသင်တက္ကသိုလ်၊ မန္တလေး ပညာရေးဒီဂရီကောလိပ်၊ မိတ္ထီလာ ပညာရေး ကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား ကျောင်းသူဟောင်း များ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ကျောင်းသား ကျောင်းသူများက တေးသံသာ များ၊ အကအလှများဖြင့် သီဆို ကပြ ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီး တွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြ သူများအား နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့က ဂုဏ်ပြုပန်း ခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးနှင့်အဖွဲ့ဝင်များ သည် မြို့မတေးဂီတအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှု အားပေးကြပြီး သီဆိုတီးမှုတ် ဖျော်ဖြေခဲ့ကြသူများအား နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့် ငွေများ ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၅ မှ*

နိုင်ငံ့ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဖော်ဆောင်နိုင်ပြီး ကမ္ဘာ့အဖွဲ့ အစည်းအသီးသီးနှင့် လက်တွဲ ဆောင်ရွက်နိုင်သည့် ပညာတတ် လူကောင်းလူတော်၊ ဗလငါးတန် ပြည့်ဝသည့် လူငယ်များကို ဆက်လက်မွေးထုတ်ပေးကြပါဟု တိုက်တွန်းလိုကြောင်း၊ မကြာမီ ကျင်းပမည့် လွတ်လပ်ပြီး တရား မျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကြီး အောင်မြင်စွာကျင်းပပြီး ပိုမိုပညာရည်ပြည့်ဝသော၊ ပိုမို ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံ တည်ဆောက်နိုင်ရေး ကျရာကဏ္ဍ အသီးသီးမှ ပူးပေါင်းပါဝင်ဆောင် ရွက်သွားကြရန် ပြောကြား လိုကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေး တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် Video Clip ကို ဖွင့်လှစ် ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မန္တလေး တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် လက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ထို့နောက် မန္တလေးပညာရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက "ဥဒါန်းတွင်ဆို မန်းတက္ကသိုလ်" သီချင်းဖြင့် လည်းကောင်း၊ မိတ္ထီလာပညာရေး ဒီဂရီကောလိပ်မှ "ရာပြည့်မှသည် ကမ္ဘာတည်သရွေ့" သီချင်းဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေ ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မန္တလေး တက္ကသိုလ် ရာပြည့်သဘင်အခမ်း အနားကြီးအတွက် ဂုဏ်ပြုချီးမြှင့် ငွေများကိုပေးအပ်ရာ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က လက်ခံရယူသည်။

ဆက်လက်၍ ဖျော်ဖြေ တင်ဆက်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဂုဏ်ပြုပန်းခြင်း ပေးအပ် ပြီး အခမ်းအနားတက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘွဲ့နှင်း သဘင်ခန်းမအတွင်း ခင်းကျင်း ပြသထားသည့် မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အခမ်းအနား အထိမ်းအမှတ် ပြခန်းများအား ပြခန်းတစ်ခုချင်းစီ အလိုက်နှင့် ပညာရပ်ဆိုင်ရာ သုတေသန စာတမ်း ပိုစတာများအား စိတ်ပါ ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှု ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များသည် မန္တလေးမြို့ မြို့မ တေးဂီတအဖွဲ့၏ ဖျော်ဖြေ တင်ဆက်မှုအား ကြည့်ရှုအားပေး ကြသည်။ မန္တလေးတက္ကသိုလ် ကြီး၏ နှစ် (၁၀၀)ပြည့် ရာပြည့် သဘင်အား **"ရွှေနှစ် ၁၀၀ ထူးချွန်မှု၊ ဆန်းသစ်တီထွင်ဦးဆောင်ပြု၊ စိတ်ဉာဏ်စွမ်းအားတိုးမြှင့်ထား၊ အနာဂတ်ကိုပုံဖော်ထား"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ခမ်းနား ထည်ဝါစွာဖြင့် ကျင်းပပြုလုပ်ခဲ့ ခြင်းဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

---

## ညောင်တုန်းမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ညောင်တုန်း အောက်တိုဘာ ၄**

ညောင်တုန်းမြို့နယ် အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင် ခဲ့ကြသော အသက် ၇၀ နှစ်နှင့် အထက် သက်ကြီး(အငြိမ်းစား) ဆရာ ကြီး ဆရာမကြီးများအား ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပူဇော် ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် ကမ္ဘာ့ဆရာများနေ့ဖြစ်ပေါ်လာပုံနှင့် ဆရာများ အား ဂုဏ်ပြု၍ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးအငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဝတ္ထုငွေများဖြင့် တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမများက ဂါရဝပြုပူဇော်ကန်တော့ကြသည်။ ထို့နောက် အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးအငြိမ်းစားဆရာကြီး ဆရာမကြီး များကိုယ်စား အငြိမ်းစားဆရာကြီး ဦးငွေအေးက ဆုံးမသြဝါဒစကား ပြောကြားခဲ့သည်။

**ထွန်းကျော်(ညောင်တုန်း)**

---

**ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့။**

# ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

နေပြည်တော်  အောက်တိုဘာ ၄

**ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာ ပါစေးမြို့တွင် အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သည့် (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။**




အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ တီမောလက်စတေနိုင်ငံ၊ အပေါင်းသုံးနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၁ ရက်တွင် ကျင်းပသည့် (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် (၄၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပြီးစီးမည့် ဥက္ကဋ္ဌအနေဖြင့် မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဝန်ကြီးဌာနအပေါ် ယုံကြည်မှုအပြည့်အဝဖြင့် မြန်မာနိုင်ငံမှ ဥက္ကဋ္ဌတာဝန်ယူစဉ်ကာလအတွင်း အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ စသည့်လုပ်ငန်းစဉ် ၁၆ ခုကို လက်ခံအတည်ပြုနိုင်ခဲ့ပြီး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ကိုလည်း အပြီးသတ်ဆွေးနွေးခဲ့ပြီး ဖြစ်သည့်အတွက် ဤအစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ကြောင်းနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အရေးပေါ်အခြေအနေများအား ကူညီဖြေရှင်းပေးခြင်းနှင့် စားရေရိက္ခာဖူလုံမှုကဏ္ဍတွင် ပံ့ပိုးကူညီမှုများအတွက် တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့ကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ဥက္ကဋ္ဌတာဝန်ဆက်လက်ထမ်းဆောင်မည့် ဖိလစ်ပိုင်နိုင်ငံ၏ ဦးဆောင်မှုအပေါ် ယုံကြည်မှုအပြည့်ဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံမှ ကိုယ်စားလှယ်များအားလုံး ပူးပေါင်းဆောင်ရွက်ရေးနှင့် စည်းလုံးညီညွတ်မှု စိတ်ဓာတ်ဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့ပြီး သဘာပတိတာဝန်အား ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် အစည်းအဝေးအား ဆက်လက်ကျင်းပခဲ့ရာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် (၄၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၅၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့မှ ထွက်ပေါ်လာသည့် အရေးကြီးသည့် ရလဒ်များ၊ အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မူဝါဒမူဘောင်အရ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၄၅ ခုနှစ်ဆီသို့ မျှော်မှန်းသည့် စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ကြေညာချက်နှင့် အာဆီယံမူဘောင်၊ အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၂၆-၂၀၃၀၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် အတူတကွ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးခဲ့ကြပြီး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကတိကဝတ်ပြုခဲ့ကြသည်။

အစည်းအဝေးမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းရပ် ၂၃ ခုအား အတည်ပြု၍ ရှစ်ခုအား မှတ်တမ်းတင်ခဲ့သည်။ ထို့နောက် (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်အပေါ် အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ (၂၅)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးအား အောက်တိုဘာ ၂ ရက် ဒေသစံတော်ချိန်နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (၂၀၁၆-၂၀၂၅)၊ အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာထားရှိရေး သဘောတူညီချက်၊ အာဆီယံစားရေရိက္ခာဖူလုံရေး သတင်းအချက်အလက်အစီအစဉ် စသည်တို့နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများ၊ ရေရှည်တည်တံ့သော သစ်တောကဏ္ဍစီမံခန့်ခွဲရေး၊ ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံအာမခံ၊ စားသောက်ကုန်တန်ဖိုး ကွင်းဆက်မြှင့်တင်ရေးနှင့် တိရစ္ဆာန်နှင့် အပင်ရောဂါပိုးမွှားများ နယ်စပ်ဖြတ်ကျော်ရာတွင် ထိန်းချုပ်နိုင်ရေးစသည့် နယ်ပယ်များရှိ စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း ဆွေးနွေးခဲ့ကြပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသော အာဆီယံအပေါင်းသုံး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ (၂၀၂၆-၂၀၃၅) အား အတည်ပြုခဲ့ကြသည်။ ထို့နောက် (၂၅)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယအကြိမ်မြောက် အာဆီယံ-ဂျပန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးကို ကျင်းပရာ အာဆီယံ-ဂျပန်မီဒိုရီပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများအား ဆွေးနွေးခဲ့ကြပြီး စိုက်ပျိုးရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများမှတစ်ဆင့် ကြံ့ကြံ့ခံနိုင်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် စားရေရိက္ခာစနစ်များကို ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ကတိကဝတ်ပြုခဲ့သည်။ ထို့နောက် အာဆီယံ-ဂျပန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်အပေါ် အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

သတင်းစဉ်

## မန်းတက္ကသိုလ် ရာပြည့်ပွဲဆင်နွဲစို့ တို့တစ်တွေ

* အညာတမာ ဝေလန်းမွှေးတဲ့
ရွှေမန္တလေး တက္ကသိုလ်။
နှစ်တစ်ရာ သဘင်ပွဲမှာ
ဆင်နွှဲနုပျို။
သစ်လွင်လို့ ရွှန်းစို
ကွန်းခိုရ ပညာနန်း။
နေခြည်အစောင်းမှာလ
ရေနီမြောင်း လေပြည်သာရဲ့
ဝေစည်ကာ ဖော်တစ်သင်းတို့
ပျော်ခင်းဖွဲ့လန်း။
* အထက်တစ်ခွင် အညာကျေးက
စည်သာအေး ဘူမိနက်သန်။
ပေါ်လွင်ကာ အထင်ကရ
ပညာ့ဗိမာန်။
ဝိဇ္ဇာနှင့်သိပ္ပံ
သင်ယူရန် အခွင့်အရေး။
ပညာရည် ဂုဏ်ရည်မြင့်အောင်
လမ်းဖွင့်လို့ပေး။
* မန်းတက္ကသိုလ် ရင်ခွင်အောက်က
ထွန်းတောက်လို့ ပေါက်ဖွားလာ။
သားကောင်းသမီးမွန်တို့
ထူးချွန်ကာ ဉာဏ်ရည်ထက်တယ်
သွက်လက်ချက်ချာ။
ဝိဇ္ဇာပန်းတွေနဲ့
သိပ္ပံပန်း ပန်ဆင်ကာ
စံတင်စရာ မောင်မယ်အပေါင်း။
မန်းတက္ကသိုလ် ရာပြည့်သွေးတို့
မွှေးပါပေ့တောင်း။
* တစ်ထောင့်ကိုးရာ နှစ်ဆယ့်ငါး
မြစ်ဖျားစ စီးဆင်းကာ။
တသွင်သွင် ရေစီးကြောင်းရဲ့
နှစ်ပေါင်းက တစ်ရာ။
ပန်းအပေါင်း ကုဋေကဋာ
ဝေဆာလို့ ပျံ့သင်း။
သရေဆန်းနေတဲ့
ရွှေမန်းမြေ တက္ကသိုလ်နန်းကို
ဖျန်းတဲ့လေညင်း။
* နှစ်တစ်ရာမှာ တစ်ကြိမ်နွှဲတဲ့
ပွဲတော်ကြီး ရာပြည့်သဘင်
ဆင်နွှဲပျော်ရွှင်။
ပြခန်းပြကွက် အစုံအလင်
ဂုဏ်တင်လို့ ဖော်ကျူး။
မန်းတက္ကသိုလ် အစဉ်အလာကောင်းတွေနဲ့
သမိုင်းကြောင်း ပုံရိပ်ထင်လို့
စာဆို့ရင် ပီတိလွှမ်းတယ်
ချမ်းမြေ့ကြည်နူး။ ။

ရေနံ့သာမောင်ကျော်ညွန့်

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုအောင်ပွဲ တို့အောင်ပွဲ

ရန်ကင်းကိုကိုလေး

**နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များတွင်လည်းကောင်း တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အကြိုပြိုင်ပွဲများကို ကျင်းပလျက်ရှိသော သတင်းများကို ဖတ်ရှု တွေ့မြင်နေရသည်။**

ထိုတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာထူးချွန်သူများက နေပြည်တော်၌ နိုင်ငံတော်အဆင့် ကျင်းပတော့မည့် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့် ပြိုင်ပွဲကြီးတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ချစ်ကြည်စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ အနုပညာစွမ်းရည်များကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြသခွင့် ရကြပေတော့မည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စုဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးတို့၏ ရေမြေ၊ ရာသီဥတုနှင့် ရိုးရာယဉ်ကျေးမှုကို မှီတည်၍ ရိုးရာဂီတ အနုပညာများသည်လည်း မတူကွဲပြားကြသည်။ မတူကွဲပြားမှုများနှင့်အတူ အမြဲရှင်သန်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို စုစည်း၍ ယဉ်ကျေးမှု အနုသုခုမတည်းဟူသော ခေါင်းစဉ်အောက်တွင် ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ မပျောက်ပျက်အောင် ကြိုးပမ်းဖော်ထုတ်ရမည်ဖြစ်သလို ဆက်လက်ပြန့်ပွားအောင် ကြိုးပမ်းမြှင့်တင်ရမည်လည်းဖြစ်သည်။

မြန်မာနိုင်ငံသည် အမျိုးသားယဉ်ကျေးမှု အစဉ်အလာကြီးမားသော နိုင်ငံဖြစ်ကြောင်းကို ယနေ့ကာလအထိ ရှင်သန်နေဆဲဖြစ်သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အနုသုခုမပညာရပ်များက သက်သေပြလျက်ရှိနေသည်။ ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းမြင့်မားမှုကို ညွှန်းဆိုပြနေသဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ကွယ်သွားပါက လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ အနှစ်သာရလည်း ပျောက်ဆုံးသွားမည်ပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုမြင့်မားလေ နိုင်ငံနှင့် လူမျိုး၏ အဆင့်အတန်းမြင့်မားလေပင်ဖြစ်သည်။

### (၂၆) ကြိမ်မြောက် ခရီးပေါက်ခဲ့ပြီ

ယဉ်ကျေးမှုဟူသည် လူသားတစ်ဦး သို့မဟုတ် မျိုးနွယ်စုတစ်စု စတင်မွေးဖွားသည်မှ သေဆုံးသည်အထိ ထိတွေ့ရင်ဆိုင် ကြုံတွေ့ဖြတ်သန်းရသော အရာအားလုံးဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

**○ မတူကွဲပြားမှုများနှင့်အတူ အမြဲရှင်သန်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို စုစည်း၍ ယဉ်ကျေးမှုအနုသုခုမတည်းဟူသော ခေါင်းစဉ်အောက်တွင် ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ မပျောက်ပျက်အောင် ကြိုးပမ်းဖော်ထုတ်ရမည်ဖြစ်သလို ဆက်လက်ပြန့်ပွားအောင် ကြိုးပမ်းမြှင့်တင်ရမည်လည်းဖြစ်**




(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ယနေ့မျိုးဆက်သစ်လူငယ်များ မွေးဖွားကြီးပြင်းရာခေတ်တွင် နိုင်ငံအသီးသီး၊ လူမျိုးအသီးသီး၏ အမျိုးမျိုးသော ယဉ်ကျေးမှုများသည် မီဒီယာနည်းပညာများကို အသုံးပြု၍ လွတ်လပ်ပွင့်လင်းစွာ စီးဆင်းလာကြသည်။ ထိုအထဲတွင် တိုးတက်ဆင့်ပွားယူဆောင်ရမည့်အရာများရှိသလို ဆန့်ကျင်ဖီလာဖြစ်နေသည့်အရာများလည်း ပါဝင်လာပေသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များ အတုယူမှား၊ လမ်းမှား မလိုက်မိစေရန်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်စေရန်အတွက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ရန် လူငယ်များ၏ စိတ်နှလုံးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို တန်ဖိုးထား နှစ်သက်မြတ်နိုးစိတ်မှာ စွဲထင်ကာ လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်ကြစေရန်အတွက် အစဉ်အလာမပျက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးများကို နိုင်ငံတော်အဆင့် ခြိမ့်ခြိမ့်သဲသဲ အောင်မြင်စွာ ဆင်နွှဲကျင်းပနိုင်ခဲ့သည်မှာ ယခု ၂၀၂၅ ခုနှစ်တွင် (၂၆) ကြိမ်မြောက်အထိ ခရီးပေါက်ခဲ့ပြီဖြစ်ပါသည်။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်က စတင်ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ ခမ်းနားသိုက်မြိုက်စွာ နှစ်စဉ်ရည်ရွယ်ချက်ကောင်းများစွာဖြင့် ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာကာလပြိုင်ပွဲများ ကျင်းပနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) တွင် နိုင်ငံတော်အကြီးအကဲက (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် လမ်းညွှန်ခဲ့သဖြင့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးများ ပြန်လည်အသက်ဝင် လှုပ်ရှားခွင့်ရရှိခဲ့သည်။ မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို ထိန်းသိမ်းဆောင်ရွက်ထားသော ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာအနုသုခုမပညာရပ်များကို မြတ်နိုးတန်ဖိုးထားသူ ဝါသနာရှင်လူငယ်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ပြန်လည်ပေါ်ထွန်းလာခြင်းကို ဝမ်းသာပီတိ ဂုဏ်ယူဝင့်ကြွားစွာဖြင့် စောင့်ကြိုနေကြပြီး ရွှင်လန်းတက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြသဖြင့် ထိုအောင်ပွဲမဟာသည် ယခု ၂၀၂၅ ခုနှစ်တွင် (၂၆) ကြိမ်တိုင်လေပြီ။

မြန်မာတိုင်းရင်းသားတို့၏ နှစ်ပေါင်းထောင်ချီကြာခဲ့ပြီဖြစ်သော ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးဓလေ့များ မြန်မာ့ဟန်၊ မြန်မာမှု၊ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများသည် ထင်ရှားစွာရှိခဲ့ပါသည်။

### အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစွာနေထိုင်

"မြန်မာ့ရှေးဟောင်းမြို့ပြနိုင်ငံများမှ တွေ့ရှိခဲ့ရသော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ၊ စာပေအထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်မှတ်တမ်းများအရ မြန်မာလူမျိုးများသည် ရှည်လျားသော သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာရေးဆိုင်ရာ အဆုံးအမများ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုထုံးဓလေ့များ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များနှင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို ခြေခြေမြစ်မြစ်ထူထောင်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစွာနေထိုင်လာခဲ့ကြသည့် လူမျိုးဖြစ်ကြောင်း ခိုင်မာစွာသိရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့နေဖို့ ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းများအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ကျင်းပခြင်းသည်လည်း တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်ကြသည့် အဆင့်အမြင့်ဆုံး အမျိုးသားရေးအားထုတ်မှုတစ်ရပ်ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း၊ ပြည်သူအားလုံးနှင့် အနုပညာရှင်များ လူငယ်လူရွယ်များအားလုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးတိုးတက်စည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ဆက်လက်ရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှု အန္တရာယ်ကို ခုခံကာကွယ်နိုင်ရေး၊ ဘိုးဘွားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း အမွေဆက်ခံမည့် မျိုးဆက်သစ်လူငယ်များ အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံအား ပြည့်ဝခိုင်မာလာစေရေး အနုပညာစွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ဝင့်ထည်စွာ တည်တံ့စေရေးအတွက် ဦးတည်ပြီး အမျိုးသားယဉ်ကျေးမှု အဆင့်အတန်း အစဉ်ထာဝရမြင့်မားစေရအောင် အနုပညာစွမ်းအားဖြင့် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပေးကြရေး တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း" (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

ထို့ကြောင့် နိုင်ငံတော်က အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ (၂၆) ကြိမ်မြောက်ပြိုင်ပွဲကြီးကို ပြိုင်ပွဲဝင်ဘာသာရပ် ပြည့်ပြည့်စုံစုံ၊ အကဲဖြတ်ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ်ပြိုင်ပွဲဝင် လူငယ်လူရွယ်မောင်မယ်များ၊ အင်ပြည့်အားပြည့်ဖြင့် ပါဝင်ဆင်နွှဲယှဉ်ပြိုင်နိုင်ကြရန်အတွက် အားကြိုးမာန်တက်ခွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ ပြင်ဆင်လေ့ကျင့်နေကြပြီဖြစ်ရာ မကြာမီနေ့ရက်များတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အနုပညာဥယျာဉ်သာပန်းခင်းကြီးအတွင်း ရောင်စုံပွင့်လန်း ပန်းအလှကမ္ဘာကြီးအသွင် မြန်မာ့ရိုးရာအနုပညာ စွမ်းအင်များကို တက်ကြွလန်းရွှင်စွာ စွမ်းပကားပြသကြပေတော့မည်။

မှီငြမ်းကိုးကား

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မှတ်တမ်းများ

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၈၄
ရက်
သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

❖ မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊

❖ မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့် လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

❖ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

❖ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် လယ်ဝေးမြို့နယ်၌ မဲစာရင်းများ ပထမအကြိမ် ကြေညာထားရှိမှု ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယမန်နေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ် ကြေညာထားရှိမှုများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်သည် လယ်ဝေးမြို့နယ် အမှတ် (၇) ရပ်ကွက်နှင့် အမှတ်(၁)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ပြီး အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ်အဖြစ် ကပ်ထားကြေညာရာတွင် ရပ်ကွက်ပြည်သူများ လာရောက်ကြည့်ရှုနေမှုကို သွားရောက်တွေ့ဆုံအားပေးကာ မြို့နယ်တာဝန်ရှိသူများအား ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ ကပ်ထားကြေညာထားသည့် မဲစာရင်းများကိုလည်း ပြည်သူများသိရှိစေရေး ဆောင်ရွက်သွားရန်နှင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မြိတ်မြို့နယ်၌ MEVM ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**မြိတ် အောက်တိုဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု သမုတ်ကျေးရွာ အထက-သမုတ်ကျောင်း၌ ယနေ့ နံနက်ပိုင်းက မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် မဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ပြုလုပ်သည်။

အခမ်းအနားသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အရာရှိနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထက (သမုတ်) ကျောင်းမှ ဆရာ ဆရာမများ၊ သမုတ်၊ သစ်ယာဝ၊ ပဆွပ် ကျေးရွာအုပ်စုတို့မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြိတ်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်က ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ MEVM မဲပေးစက်အသုံးပြုခြင်းကို နည်းပြကျောင်းဆရာ ဦးသန်းဝင်းက မဲပေးစက်အသုံးပြုနည်းများနှင့် မဲပေးသည့်ပုံစံများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။



မြင့်ဦး(မြိတ်)

## ကော့ကရိတ်မြို့၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ကော့ကရိတ် အောက်တိုဘာ ၄**

မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ကော့ကရိတ်မြို့ အမှတ် (၉၇) ခြေလျင်တပ်ရင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဖြိုးဝေကျော်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုရသည့် ရည်ရွယ်ချက်များ၊ နည်းစနစ်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်မှ တက်ရောက်လာကြသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# စက်မှုကုန်ကြမ်း ဝါသီးနှံအခြေပြု အထည်အလိပ်လုပ်ငန်း ဖွံ့ဖြိုးရေး

**လူသားအားလုံး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါးအနက် ဝတ်ဆင်ရေးသည် ဒုတိယအရေးကြီးဆုံး ဖြစ်ပါသည်။ လူသားတို့၏ ဝတ်ဆင်ရေးတွင် ဝါသည် ရှေးနှစ်ပေါင်းများစွာမှ ယနေ့မျက်မှောက်ခေတ်တိုင်အောင် အရေးပါနေဆဲဖြစ်ရာ ဝါသီးနှံကို စိုက်ပျိုး၍ ချည်ထည်ကုန်ချောများ ထုတ်လုပ်သည့်လုပ်ငန်းကို နိုင်ငံတိုင်းက ဦးစားပေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။**

*မဇင် (စက်မှု)*





ချည်မျှင်တု၊ နိုင်လွန်၊ ရေယွန် စသည်တို့ဖြင့် အဝတ်အထည်များ ရက်လုပ်နိုင်သော်လည်း သဘာဝ ဝါချည်မျှင်ဖြင့် ရက်လုပ်သည့် ချည်ထည်အဝတ်အစားများသည် ကြာရှည် ခိုင်ခံ့ခြင်း၊ ဝတ်ဆင်ရာ၌ သက်သောင့်သက်သာရှိခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်းတို့ကြောင့် တန်ဖိုးထား ဝတ်ဆင်နေကြဆဲဖြစ်သည်။

ဝါသီးနှံသည် အဝတ်အထည်ထုတ်လုပ်မှုအတွက်သာမက ပြည်တွင်းဆီဖူလုံရေးအတွက် စားသုံးဆီနှင့် စက်မှုလုပ်ငန်းသုံးဆီကို ဝါစေ့မှ ထုတ်ယူနိုင်ပြီး ဝါစေ့ကြိတ်ဖတ်များကို တိရစ္ဆာန်အစာနှင့် သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်သဖြင့် အရေးပါသော စက်မှုကုန်ကြမ်းသီးနှံတစ်မျိုး ဖြစ်ပါသည်။ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝါနှင့် ချည်ထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော် အစိုးရက ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး၏ ဝတ်ရေးကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ပသို့ ဝါများတင်ပို့ရောင်းချမည့်အစား ပြည်တွင်း၌ အရည်အသွေးပြည့်မီသော ချည်မျှင်နှင့် အထည်အလိပ်များ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုထားပါသည်။

မြန်မာနိုင်ငံတွင် ဝါကို ရှေးကပင် စိုက်ပျိုးခဲ့ကြပြီး ဝါကြီး၊ ဝါကလေးနှင့် ချည်မျှင်ရှည် ဝါမျိုးတို့ကို အများဆုံးစိုက်ပျိုးခဲ့ကြပါသည်။ ဝါစိုက်ပျိုးသည့် အဓိကနိုင်ငံများအနက် မိမိတို့နိုင်ငံ ပါဝင်သော်လည်း နှစ်စဉ် ချည်နှင့်ပိတ်ထည်များကို ပြည်ပမှ ပမာဏများစွာ တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေကုန်ကျမှု များစွာဖြစ်ပေါ်လျက်ရှိရာ စက်မှုလုပ်ငန်းသုံး အဆင့်မီချည်မျှင်ရှည်ဝါများ တိုးချဲ့စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

### ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း

မြန်မာနိုင်ငံတွင် ဝါသီးနှံကို မိုးကြိုရာသီ၊ မိုးရာသီနှင့် မိုးနှောင်းရာသီများတွင် စိုက်ပျိုးနိုင်ပြီး မိုးကြိုရာသီတွင် ဖေဖော်ဝါရီလလယ်မှ မတ်လအတွင်း၊ မိုးရာသီတွင် မေလလယ်မှ ဇွန်လကုန်အတွင်းနှင့် မိုးနှောင်းရာသီတွင် ဇူလိုင်လလယ်မှ ဩဂုတ်လအတွင်း စိုက်ပျိုးလေ့ရှိကြကာ မိုးနှောင်းဝါကို အများဆုံးစိုက်ပျိုးကြပါသည်။ ဝါစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ပြီး ဝါဂွမ်း အရည်အသွေးကောင်းထွက်ရှိသည့် ဝါမျိုးများကို စိုက်ပျိုးသင့်ပါသည်။ ဝါအထွက်နှုန်း ကောင်းမွန်စေရန် သဘာဝဓာတ်မြေဩဇာ၊ နွားချေး၊ မြေဆွေးနှင့် ဓာတ်မြေဩဇာများကို တွဲဖက်အသုံးပြုနိုင်ပြီး သဘာဝမြေဩဇာနွားချေးသည် ဝါပင်အကြီးမြန်စေခြင်း၊ ရေအစိုဓာတ် ပိုမိုထိန်းသိမ်းနိုင်စေခြင်း၊ မြေတွင်းရှိ အာဟာရဓာတ်များကို စုပ်ယူလွယ်ခြင်းတို့ကြောင့် နွားချေးနှင့် မြေဆွေးကို ဓာတ်မြေဩဇာအဖြစ် တွဲဖက်အသုံးပြုရန် အလွန်အရေးကြီးပါသည်။

ဝါသီးနှံသည် ရေလုံလောက်စွာရရှိမှသာ အထွက်နှုန်းကောင်းမွန်မည်ဖြစ်ပြီး ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်များတွင် အစိုဓာတ်မလုံလောက်ပါက ရေသွင်းပေးရန် လိုပါသည်။ ဝါသီးနှံများတွင် ပိုးမွှားကျရောက်မှုနည်းပါးစေရန်နှင့် ပိုးမွှားများဒဏ်မှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ ပိုးသတ်ဆေးများကိုလည်း ရွေးချယ်ပက်ဖျန်းပေးရမည်ဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧက ၃၉၃၇၈၁ စိုက်ပျိုးအောင်မြင်ခဲ့ပြီး ဝါ ၁၇၁ ဒသမ ၇၂၄ ပိဿာသန်း ထွက်ရှိခဲ့ပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧက ၄၅၈၃၈၈ စိုက်ပျိုးခဲ့ပြီး အောင်ဧက ၄၅၈၃၃၂ ဧကမှ ဝါ ၂၀၁ ဒသမ ၀၁၂ ပိဿာသန်း ထွက်ရှိခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧက ၅၁၅၉၂၉ ဧက စိုက်ပျိုးခဲ့ပြီး အောင်ဧက ၅၁၅၈၃၆ ဧကမှ ဝါ ၂၄၄ ဒသမ ၀၈၁ ပိဿာသန်း ထွက်ရှိခဲ့ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝါ ၅၄၅၃၆၀ ဧက စိုက်ပျိုးခဲ့ပြီး အောင်ဧက ၅၄၀၅၈၅ ဧကမှ ဝါ ၂၆၃ ဒသမ ၂၀၉ ပိဿာ သန်း ထွက်ရှိခဲ့ပါသည်။ အထွက်နှုန်းအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထက် တစ်ဧကလျှင် ၂ ဒသမ ၄၈၂ ပိဿာ ပိုမိုထွက်ရှိခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်ထက် တစ်ဧကလျှင် ၃၄ ဒသမ ၆၀၃ ပိဿာပိုမိုထွက်ရှိခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထက် တစ်ဧကလျှင် ၁၃ ဒသမ ၇၂၂ ပိဿာ ပိုမိုတိုးတက်ထွက်ရှိလာခဲ့သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ချည်မျှင်နှင့် အထည်စက်ရုံများသည် နိုင်ငံအတွက် အရေးပါပြီး အကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်ကို ပြည့်မီစွာ ထုတ်လုပ်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ကောင်းမွန်သော အထည်များ ဝယ်ယူဝတ်ဆင်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ချည်မျှင်လုပ်ငန်းကို အခြေခံသည့် MSME စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်နိုင်ရန်အတွက် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် အရည်အသွေး ကောင်းမွန်သော ဝါသီးနှံစိုက်ပျိုးရေးကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

### ပြည်တွင်းအသုံးပြု ဝါဂွမ်းအဆင့်များနှင့် ထုတ်ကုန်များ

လက်ရှိပြည်တွင်းတွင် ဝါဂွမ်း A အဆင့်မှ ၁/၄၀ ချည်ထုတ်၍ ရှပ်ဖျင်ပိတ်၊ ခန်းဆီးပိတ်၊ အမျိုးသမီး ဝတ်လုံချည်၊ အင်္ကျီပိတ်၊ ပုဆိုး၊ ကျောင်းစိမ်းပိတ်၊ သင်္ကန်းပိတ် စသည်တို့ ထုတ်လုပ်ပါသည်။ ဝါဂွမ်း B အဆင့်မှ ၁/၃၂ ချည်ထုတ်၍ ကျားဝတ်ပုဆိုး၊ မဝတ်လုံချည်၊ ဆေးဆိုးပိတ်၊ ပန်းရိုက်ပိတ် စသည်တို့ ထုတ်လုပ်ပါသည်။ ဝါဂွမ်း C အဆင့်မှ ၁/၂၀ ချည်ထုတ်၍ ခြင်ထောင်ပိတ်၊ ခြင်ထောင်ဇာပိတ်၊ လယ်သမားလုံချည်၊ အမျိုးသမီးဝတ်လုံချည်၊ အင်္ကျီပိတ်၊ ပုဆိုး၊ ဆေးဝတ်၊ ပတ်တီး၊ အနီးပိတ် စသည်တို့ ထုတ်လုပ်ပါသည်။ ဝါဂွမ်း D အဆင့်မှ ၁/၁၆ ချည်ထုတ်၍ ဇင်ပိတ်၊ ဖလန်နယ်ပိတ်၊ အိပ်ရာခင်း၊ အင်္ကျီပိတ်၊ အိတ်အမျိုးမျိုး စသည်တို့ ထုတ်လုပ်ပါသည်။ ၂/၆၀ ချည်၊ ၂/၈၀ ချည်များ ထုတ်လုပ်နိုင်သော ဝါဂွမ်းအဆင့်အား ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသေး၍ အိန္ဒိယ၊ တရုတ်၊ ထိုင်း နိုင်ငံတို့မှ အဓိကတင်သွင်းပါသည်။

ဝါဂွမ်း A အဆင့်မှ ၁/၄၀ ချည်ထုတ်၍ ထွက်ရှိသော ဝါလေဖြင့် ၁/၁၀ ချည်ကိုလည်းကောင်း၊ ဝါဂွမ်း B အဆင့်မှ ၁/၃၂ ချည်ထုတ်၍ ထွက်ရှိသော ဝါလေဖြင့် ၁/၇ ချည်နှင့် ၁/၅ ချည်ကိုလည်းကောင်း၊ ဝါဂွမ်း C အဆင့်မှ ၁/၂၀ ချည်ထုတ်၍ ထွက်ရှိသော ဝါလေဖြင့် ၁/၁ ချည်ကို လည်းကောင်း ထုတ်လုပ်ပါသည်။

### တစ်မျိုးသားလုံးအတွက် တစ်နှစ်စာ အဝတ်အထည်၊ ပိတ်၊ ချည်နှင့် ဝါလိုအပ်ချက်

မြန်မာနိုင်ငံရှိ အမျိုးသား/ အမျိုးသမီး၊ လူကြီး/ လူငယ်/ကလေးတို့၏ အသက်အပိုင်း အခြားအလိုက် တစ်ဦးချင်းအင်္ကျီ၊ လုံချည်လိုအပ်ချက်နှင့် ၂၀၂၄ ခုနှစ် ရွှေ့ပြောင်းလူဦးရေစာရင်းအရ လူဦးရေ ၅၁ ဒသမ ၃ သန်းကို အခြေခံ၍ တွက်ချက်ပါက တစ်မျိုးသားလုံးအတွက် တစ်နှစ်စာလိုအပ်ချက်မှာ ပိတ် ၇၁၀ ဒသမ ၁၁၃ ကိုက်သန်း၊ ချည် ၂၀၄ ဒသမ ၂၉၆ ပေါင်သန်း၊ ဝါဂွမ်း ၇၀ ဒသမ ၉၃၆ ပိဿာသန်း ၊ ဝါ ၂၁၄ ဒသမ ၉၅၈ ပိဿာသန်း ဖြစ်ပါသည်။ လူတစ်ဦးအတွက် တစ်နှစ်စာ လိုအပ်ချက်မှာ အင်္ကျီလေးထည်နှင့် လုံချည် လေးထည်ဖြစ်ပြီး ပျမ်းမျှ လိုအပ်ချက်အနေဖြင့် ပိတ် ၁၃ ဒသမ ၆၅ ကိုက်၊ ချည် ၃ ဒသမ ၉၃ ပေါင်၊ ဝါဂွမ်း ၁ ဒသမ ၃၆ ပိဿာ၊ ဝါ ၃ ဒသမ ၈၉ ပိဿာ ဖြစ်ပါသည်။ မျက်နှာသုတ်ပဝါ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးစွပ်၊ အိပ်ရာခင်း၊ စွပ်ကျယ်/ အတွင်းခံတို့အား လေးနှစ်လျှင် တစ်ကြိမ်မှသာ အသုံးပြုတွက်ချက်ပါသည်။ ယေဘုယျအားဖြင့် ဝါ သုံးပိဿာကြိတ်ခွဲလျှင် ဝါဂွမ်း တစ်ပိဿာ၊ ဝါဂွမ်း တစ်ပိဿာလျှင် ချည် ၀ ဒသမ ၈ ပိဿာ/ ၂ ဒသမ ၈၈ ပေါင်၊ ချည် ၀ ဒသမ ၂၅၇၄ ± ၁၂ % ပေါင်လျှင် ပိတ် ၁ ကိုက် ရရှိပါသည်။

### ဝါစိုက်ဧက အထွက်နှုန်း၊ ဝါနှင့် ဝါဂွမ်း ထွက်ရှိနိုင်မှု

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဝါသီးနှံစိုက်ပျိုးရန် လျာထားဧက ၆၈၂၀၉၂ ဧက ရှိပါသည်။ တစ်ဧက ပျမ်းမျှဝါအထွက်နှုန်းကို ၅၉၁ ဒသမ ၁၉ ပိဿာဖြင့် တွက်ချက်ပါက ဝါ ၄၀၃ ဒသမ ၂၄၆ ပိဿာ သန်း လျာထားထွက်ရှိမည်ဖြစ်ပြီး ဝါဂွမ်း ၁၃၃ ဒသမ ၀၇၁ ပိဿာသန်း ထွက်ရှိမည်ဖြစ်ပါသည်။

### ပြည်တွင်းအထည်အလိပ်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်

ပြည်တွင်းအထည်အလိပ်ထုတ်လုပ်မှုနည်းစဉ်မှာ ဝါကုန်ကြမ်းမှ ဝါဂွမ်းအဖြစ် ကြိတ်ခွဲခြင်း၊ ဝါဂွမ်းကုန်ကြမ်းမှ ချည်မျှင်ထုတ်လုပ်ခြင်း၊ ချည်မျှင်ကုန်ကြမ်းမှ ပိတ်ထုတ်လုပ်ခြင်း၊ ပိတ်ကုန်ကြမ်းမှ အဖြူချွတ်၊ ဆေးဆိုး၊ ပန်းရိုက် အချောကိုင်ထုတ်လုပ်ခြင်းနှင့် ပိတ်ချောများကို အဝတ်အထည်ချုပ်လုပ်ခြင်း/ စက်ပန်းထိုးထည် ထုတ်လုပ်ခြင်းတို့ ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် စက်စာရင်းများအရ စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ နိုင်ငံပိုင်အထည်စက်ရုံ ၁၁ ရုံနှင့် ငှားရမ်းထားသော စက်ရုံတစ်ရုံ၌ ချည်မျှင်ထုတ်လုပ်သော ချည်ငင် ရစ်တိုင် ၂၅၅၄၄၀၊ ပိတ်ညို ထုတ်လုပ်သော ရက်ကန်းစက်အလုံး ၃၈၂၀၊ အပ်ချုပ်စက် ၃၁၁ လုံးရှိပြီး ပုဂ္ဂလိက ချည်မျှင်စက်ရုံများ၌ ချည်ငင်ရစ်တိုင် ၇၀၀၀၀၊ ရက်ကန်းစက်ရုံများ၌ ရက်ကန်း စက်အလုံး ၄၅၁၀ နှင့် အထည်ချုပ်စက်ရုံများ၌ အပ်ချုပ်စက် ၂၈၆၀၆ လုံး တပ်ဆင်ထားပါသည်။

### ဝါကုန်ကြမ်းမှ ဝါဂွမ်းအဖြစ် ကြိတ်ခွဲခြင်း

ဝါကုန်ကြမ်းအား ဝါဂွမ်းအဖြစ် ကြိတ်ခွဲရာတွင် ဝါဂွမ်း ၃၃ ရာခိုင်နှုန်း၊ ဝါစေ့ ၆၃ ရာခိုင်နှုန်း ထွက်ရှိပြီး အလေအလွင့် ၄ ရာခိုင်နှုန်းဖြစ်ပါသည်။ ဝါကုန်ကြမ်းမှ ဝါဂွမ်းထုတ်လုပ်ရာတွင် ဝါကုန်ကြမ်းမှ ဝါကြိတ်စက် (Double Roller Gin) ဖြင့် ကြိတ်ခွဲခြင်း၊ ဝါဂွမ်းဘေထုပ်ထုပ်ပိုးခြင်း၊ ဝါစေ့ဆီကြိတ်ခြင်း စသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များဖြင့် အဆင့်ဆင့် ဆောင်ရွက်ရပါသည်။ ဝါကြိတ်စက်နှင့် ဘေထုပ်စက်တို့ကို အသုံးပြုပါသည်။

*စာမျက်နှာ ၁၁ သို့*

**❖ တစ်မျိုးသားလုံးအတွက် ဝါ၊ ဝါဂွမ်း၊ ချည်နှင့် ပိတ် လိုအပ်ချက်များအနက် ဝါကုန်ကြမ်း လုံလောက်စွာ ထွက်ရှိနိုင်သည်ကို တွေ့ရှိရသော်လည်း ဝါဂွမ်း၊ ချည်၊ ပိတ်နှင့် အဝတ်အထည် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဝါသီးနှံအခြေပြု အထည်အလိပ်လုပ်ငန်းနှင့် လက်အောက်ခံ စက်မှုလုပ်ငန်းများအတွက် စက်နှင့်စက်ပစ္စည်းနှင့် သွင်းအားစုများ ထပ်မံဖြည့်ဆည်းရန် လိုအပ်**

# မီးပုံးချိတ်လို့ ကြိတ်ကာမျှော်

* ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်း ယောင်းမတို့လေ....၊

* ဝါဆိုရယ်မှအကူး၊ ဆိပ်ဖလူးမှာ
နူးညွတ်ခွင့်ပန်၊ မောင်ကလေး မယ့်သက်နှံသည်
ပြန်မည့်ရက်မှတ်၊ ချိန်လေးပတ်ဟု
အောက်ရပ်စုန်သွား
ဥပုသ်လေးလီ လွန်ခဲ့ပြီ
ဘယ်ဆီမှာနား၊ ဘယ်ရင်ကြားမှာ
မယ့်အား မေ့ရက်လေသလား တော်။

* ပန်းခူးပွဲတော်၊ မောင်မရှိ၍ မိမပျော်
ကောက်ရိတ်ဖော်တို့ လျောင်ကြတယ်။

* ရွာလယ်ခြင်းဝိုင်း၊ ဖြတ်သွားတိုင်းမှာ
မျက်ရည်ဝိုင်းလို့ လွမ်းရတယ်။

* ရေခပ်လမ်းမို့၊ ပြွေသံချို၍
မျက်ရည်စို့လို့ ဆွေးရတယ်။

* ညဥ့်နက်ချိန်တိုင်၊ မပျော်နိုင်
မျက်ရည်အိုင်လို့ ငိုရတယ်။

* ထိုထို အတွဲ၊ မကြည့်ရဲ
မျက်ရည်ဝဲလို့ ရှောင်ရတယ်။

* အဖိတ် ဥပုသ်၊ အိမ်မှာ ကုပ်
မျက်ရည်သုတ်လို့ နေရတယ်။

* တစ်လလည်းမလာ၊ နှစ်လကြာ
သည်တစ်ဝါပင် ကျွတ်တော့မယ်။

* မီးမြင့်မိုရ်ပွဲ၊ ရွှေလည်တွဲချင်
အိမ်အဝင်မှာ၊ ကြယ်စင်တစ်နှုန်း
ဆီစိမ်ရွက်ဝါ၊ မောင့်လက်ရာ
သည်းနှစ်မြွာ မီးပုံးချိတ်လို့
ဖုံးဖိစိတ် ကြိတ်ကာမျှော်
မောင်ကလေး မယ့်ချစ်ဖော်ရယ်
ပေါ်လာတော့လေး။ ။

(အိုင်ချင်း)

**ကို (တက္ကသိုလ်)**

*စာမျက်နှာ ၁၀ မှ*

**ဝါဂွမ်းကုန်ကြမ်းမှ ချည်မျှင်ထုတ်လုပ်ခြင်း**

ဝါဂွမ်းကုန်ကြမ်းမှ ချည်မျှင်ထုတ်လုပ်ရာတွင် ချည်မာထုတ်လုပ်သော နည်းစဉ်၊ ဘီးဖြီးချည်ထုတ်လုပ်သောနည်းစဉ်နှင့် ရစ်တိုင်မဲ့ ချည်မာထုတ်လုပ်သောနည်းစဉ်ဟူ၍ နည်းစဉ်သုံးခု ရှိပါသည်။ ဝါဖန်ခြင်း၊ ဗိုင်းတောင့်ပြုလုပ်ခြင်း၊ အပင်ပေါင်းခြင်း၊ ဗိုင်းလိပ်ပြုလုပ်ခြင်း၊ ဘီးဖြီးခြင်း၊ တည်င်းပြုလုပ်ခြင်း၊ ချည်ငင်ခြင်း၊ ချည်ကတော့ပြုလုပ်ခြင်း၊ ချည်ပေါင်းခြင်း၊ ချည်ခင်ပြုလုပ်ခြင်း၊ ၁၀ ပေါင် ဘေထုပ်ခြင်း၊ ပေါင် ၁၂၀ ဘေထုပ်ခြင်း စသည့်ထုတ်လုပ်မှုလုပ်ငန်းစဉ်များဖြင့် အဆင့်ဆင့်ဆောင်ရွက်ရပါသည်။ ဝါဖန်စက်၊ ဗိုင်းတောင့်စက်၊ အပင်ပေါင်းစက်၊ ဗိုင်းလိပ်စက်၊ ဘီးဖြီးစက်၊ တည်င်းစက်၊ ချည်ငင်စက်၊ ချည်ကတော့စက်၊ ချည်ပေါင်းစက်၊ ချည်ခင်စက်၊ ရစ်တိုင်မဲ့ချည်ငင်စက်၊ ၁၀ ပေါင်ဘေထုပ်စက်၊ ပေါင် ၁၂၀ ဘေထုပ်စက်တို့ကို အသုံးပြုပါသည်။ ချည်ထုတ်လုပ်သည့် နည်းစဉ်အလိုက် အသုံးပြုသော စက်အမျိုးအစားများ ကွဲပြားပါသည်။

ချည်မာထုတ်လုပ်သောနည်းစဉ်ဖြင့် ချည်မာများဖြစ်သော ၁/၁၆ ချည်၊ ၁/၂၀ ချည်၊ ၁/၃၂ ချည်၊ ၁/၄၀ ချည် လေးမျိုးကိုသာ အဓိကထုတ်လုပ်ပါသည်။ ရက်ကန်းရက်လုပ်ရန်အတွက် အသုံးပြုပါသည်။ ဘီးဖြီးချည်ထုတ်လုပ်သော နည်းစဉ်ဖြင့် ချည်မာနှင့် ချည်ပျော့ နှစ်မျိုး ထုတ်လုပ်နိုင်ပါသည်။ ချည်မာများဖြစ်သည့် ၁/၄၀ ချည်၊ ၁/၆၀ ချည်၊ ၁/၈၀ ချည်ကဲ့သို့သော ချည်ချောများကို အဓိကထုတ်လုပ်ပါသည်။ ချည်မာအား ရက်ကန်းရက်ရာတွင် အသုံးပြု၍ ချည်ပျော့အား ထိုးထည်ထုတ်လုပ်ရာတွင် အသုံးပြုပါသည်။ ရစ်တိုင်မဲ့ချည်နည်းစဉ်သည် ရိုးရိုးချည်နည်းစဉ်နှင့် ဘီးဖြီးချည်နည်းစဉ်များဖြင့် ချည်ထုတ်လုပ်ရာတွင် ထွက်ရှိလာသော ဝါဂွမ်းအလေအလွင့်မှ ပြန်လည်အသုံးပြုနိုင်သော ဝါလေများအား အဓိက ရွေးချယ်အသုံးပြု၍ ချည်မာထုတ်လုပ်ခြင်း ဖြစ်ပါသည်။ ချည်မာများဖြစ်သော ၁/၅ ချည်၊ ၁/၇ ချည်၊ ၁/၁၀ ချည်၊ ၁/၁၆ ချည်၊ ၁/၂၀ ချည်များကို အဓိကထုတ်လုပ်နိုင်ပါသည်။ ရက်ကန်းရက်လုပ်ခြင်း၊ ကြိုးကျစ်ခြင်း၊ ဖယောင်းတိုင်မီးစာပြုလုပ်ရာတွင် အသုံးပြုပါသည်။

**ချည်မျှင်ကုန်ကြမ်းမှ ပိတ်ထုတ်လုပ်ခြင်း**

ချည်မျှင်ကုန်ကြမ်းကိုအသုံးပြု၍ ပိတ်ကြမ်း/ ပိတ်ညိုအဖြစ်ထုတ်လုပ်ရာတွင် ကုံးလုံးပြုလုပ်ခြင်း၊ တိုင်ချည်ရှည်ဆွဲခြင်း၊ ရက်ဖောက်ရစ်ခြင်း၊ တိုင်ချည်ရှည်ကော်တင်ခြင်း၊ ကော်စီကော်ခြင်း၊ ပိတ်ရက်လုပ်ခြင်း၊ ပိတ်စစ်ခြင်း၊ ပိတ်ခေါက်ခြင်း၊ ဘေထုပ်ခြင်း စသည့်ထုတ်လုပ်မှုလုပ်ငန်းစဉ်များဖြင့် အဆင့်ဆင့်ဆောင်ရွက်ရပါသည်။ ချည်ကတော့စက်၊ တိုင်ချည်ရှည်စက်၊ ကော်တင်စက်၊ ကော်စီကော်စင်၊ ရက်ဖောက်စက်၊ ရက်ကန်းစက်၊ ပိတ်စစ်စက်၊ ပိတ်ခေါက်စက်နှင့် ဘေထုပ်စက်တို့ကို အသုံးပြုပါသည်။

**ပိတ်ကုန်ကြမ်းမှ အဖြူချွတ်၊ ဆေးဆိုး၊ ပန်းရိုက် အချောကိုင်ထုတ်လုပ်ခြင်း**

ရက်ကန်းလုပ်ငန်းစဉ်မှ ထွက်ရှိလာသော ပိတ်ကြမ်း/ ပိတ်ညိုများကို အဝတ်အထည်အဖြစ် အသုံးပြုနိုင်ရန်အတွက် ပထမဦးစွာ အဖြူချွတ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ပြီးနောက် ဈေးကွက်လိုအပ်ချက်အရ ဆေးဆိုးပိတ်၊ ပန်းရိုက်ပိတ်တို့ကို ဆက်လက်ဆောင်ရွက်ရပါသည်။ ပိတ်ညိုစစ်ခြင်း၊ ချည်စဖြတ်ခြင်း၊ မီးမြှိုက်ကော်ချွတ်ခြင်း၊ ရေလျှော်ခြင်း၊ အဖြူချွတ်ခြင်း၊ ဆေးဆိုးခြင်း၊ ပန်းရိုက်ခြင်း၊ အရောင်ချုပ်ခြင်း၊ ဆေးဆိုးအရောင်ဖော်ခြင်း၊ ပန်းရိုက်ရေလျှော်ခြင်း၊ အနံ့ဆန့်ခြင်း၊ ပိတ်သားသေအောင် ပြုလုပ်ခြင်း၊ ပိတ်ကြိတ်ခြင်း၊ ပိတ်စစ်ခြင်း၊ ပိတ်ခေါက်ခြင်း၊ ဘေထုပ်ခြင်း စသည့်ထုတ်လုပ်မှုလုပ်ငန်းစဉ်များဖြင့် အဆင့်ဆင့်ဆောင်ရွက်ရပါသည်။ ပိတ်စစ်စက်၊ ချည်စဖြတ်စက်၊ မီးမြှိုက်ကော်ချွတ်စက်၊ ရေလျှော်စက်၊ အဖြူချွတ်စက်၊ ဆေးဆိုးစက်၊ ပန်းရိုက်စက်၊ ဆေးရောင်ချုပ်စက်၊ ဆေးအရောင်ဖော်စက်၊ ပန်းရိုက်ရေလျှော်စက်၊ အနံ့ဆန့်စက်၊ ပိတ်သားသေစက်၊ ပိတ်ကြိတ်စက်၊ ပိတ်ခေါက်စက်နှင့် ဘေထုပ်စက်တို့ကို အသုံးပြုပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပါသည်။

**ပိတ်ချောများကို အဝတ်အထည်ချုပ်လုပ်ခြင်း**

အထည်ချုပ်ခြင်းသည် အထည်အလိပ်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် Final Product ထုတ်လုပ်သည့် နောက်ဆုံးဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ပိတ်ဖြန့်ခြင်း၊ အထည်ပုံဖော်ခြင်း၊ အထည်ညှပ်ခြင်း၊ အထည်တွဲခြင်း၊ အထည်ချုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်း၊ ထုပ်ပိုးခြင်း စသည့်ထုတ်လုပ်မှုလုပ်ငန်းစဉ်များဖြင့် အဆင့်ဆင့် ဆောင်ရွက်ရပါသည်။ ပိတ်ဖြတ်စက်၊ ခါးကွေးပိတ်ဖြတ်စက်၊ ကော်ကပ်စက်၊ အပ်ချုပ်စက်၊ ခါးစက်၊ ကြယ်သီးဖောက်စက်၊ ကြယ်သီးတပ်စက်၊ ချည်စရှင်းစက်၊ မီးပူနှင့် အထည်ပို့စက်တို့ကို အသုံးပြုပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ပါသည်။

**သုံးသပ်ချက်**

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရန် ဝါစိုက်ဧက ၆၈၂၀၉၂ လျာထားချက်အရ တစ်ဧက ၅၉၁ ဒသမ ၁၉ ပိဿာနှုန်း ထွက်ရှိလျှင်ပင် ချည် ၃၈၃ ဒသမ ၂၄၅ ပေါင်သန်း၊ ပိတ် ၁၄၈၈ ဒသမ ၉၀၈ ကိုက်သန်း ထုတ်လုပ်နိုင်မည်ဖြစ်၍ တစ်မျိုးသားလုံးအတွက် ချည်လိုအပ်ချက်ဖြစ်သော ၂၀၄ ဒသမ ၂၉၆ ပေါင်သန်း၊ ပိတ် ၇၁၀ ဒသမ ၁၁၃ ကိုက်သန်းတို့ကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧက ၃၉၃၇၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧက ၆၈၂၀၉၂ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စိုက်ပျိုးနိုင်ပါက ဝါစိုက်တောင်သူများ၏ ဝင်ငွေပိုမိုတိုးတက်ရရှိနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဝါစိုက်ပျိုးရေးကို ပိုမိုအားပေး ဆောင်ရွက်သင့်ပါသည်။

ဝါအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် မြေအရည်အသွေးစစ်ဆေးခြင်း သုတေသနလုပ်ငန်းများကို ဦးစွာဆောင်ရွက်ပြီး မြေဆီလွှာအမျိုးအစားများအလိုက် စနစ်တကျပြုပြင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လိုအပ်သည့်သွင်းအားစုများ အပြည့်အဝထည့်သွင်းရန်နှင့် စိုက်ပျိုးရေလုံလောက်အောင်ရရှိရန်လည်း လိုအပ်သည်။ စိုက်ပျိုးသည့် မြေအမျိုးအစားအလိုက် ထွက်သင့်သည့် အထွက်နှုန်းများကို လေ့လာဆန်းစစ်ရန်နှင့် အထွက်နှုန်းပြည့်မီရေး ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါသည်။

တစ်မျိုးသားလုံးအတွက် ဝါ၊ ဝါဂွမ်း၊ ချည်နှင့် ပိတ်လိုအပ်ချက်များအနက် ဝါကုန်ကြမ်း လုံလောက်စွာ ထွက်ရှိနိုင်သည်ကို တွေ့ရှိရသော်လည်း ဝါဂွမ်း၊ ချည်၊ ပိတ်နှင့် အဝတ်အထည် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဝါသီးနှံအခြေပြု အထည်အလိပ်လုပ်ငန်းနှင့် လက်အောက်ခံ စက်မှုလုပ်ငန်းများအတွက် စက်နှင့်စက်ပစ္စည်းနှင့် သွင်းအားစုများ ထပ်မံဖြည့်ဆည်းရန် လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဝါသီးနှံစိုက်ပျိုးရန် သင့်လျော်သည့် ရာသီဥတုနှင့် မြေဧရိယာများစွာရှိရာ ဝါသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးပြီး ထွက်ရှိလာသည့် ဝါဂွမ်းများကို ချည်မျှင်၊ အထည်အလိပ်ကုန်ချောများ တိုးတက်ထုတ်လုပ်နိုင်သည်နှင့်အမျှ တောင်သူများ ဝင်ငွေပိုမိုရရှိနိုင်ခြင်း၊ ဝါကြိတ်စက်ရုံ၊ ချည်မျှင်စက်ရုံ၊ အထည်စက်ရုံ၊ အထည်ချုပ်စက်ရုံ စသည်တို့ ပိုမိုတိုးတက်ထွန်းကားလာသည်နှင့် အမျှ ပြည်သူတို့၏ လူမှုစီးပွားမြင့်မားလာနိုင်မည်ဖြစ်ပါသည်။

ဝါသီးနှံအခြေပြု အထည်အလိပ်လုပ်ငန်းနှင့် လက်အောက်ခံ စက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်လာပါက တန်ဖိုးမြင့် ထုတ်ကုန် (Value Added Product) အနေဖြင့် ချည်ထည်များ၊ အထည်အလိပ်များ ပြည်တွင်းဖူလုံမှုရှိလာပြီး နိုင်ငံခြားငွေကုန်ကျမှုသက်သာသည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်၍ နိုင်ငံခြားငွေ ပိုမိုတိုးတက်ရရှိလာနိုင်ပါသည်။

ဝါစိုက်ပျိုးထုတ်လုပ်မှုသည် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်များဖွံ့ဖြိုးမှု၊ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးမှုတို့နှင့် ဆက်စပ်လျက်ရှိရာ အဆိုပါလုပ်ငန်းများ ဒေသအလိုက် ထူထောင်နိုင်ရေးနှင့် ရေရှည်ရှင်သန်နိုင်ရေး၊ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးတို့အတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးရန် လိုအပ်ပါသည်။ စက်မှုကုန်ကြမ်း ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်များ အဆင့်မီထုတ်လုပ်နိုင်မှု လုပ်ငန်းကွင်းဆက်တစ်လျှောက် အခွင့်အလမ်းများစွာရှိနေပြီး နိုင်ငံနှင့် ပြည်သူလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကြီးမားသည့် အထောက်အကူဖြစ်ပေါ်စေမည်ဖြစ်သည့်အလျောက် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဝါစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ကိုးကားစာရင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ဝါသီးနှံစိုက်ပျိုးပြီးစီးမှုအခြေအနေ

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းချက်

၃။ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၏ ၁၆-၈-၂၀၂၄ ရက်နေ့ စက်မှုကုန်ကြမ်း ဝါသီးနှံအခြေပြု အထည်အလိပ်လုပ်ငန်းနှင့် လက်အောက်ခံစက်မှုလုပ်ငန်းများအတွက် တွက်ချက်ထားသည့် အစီရင်ခံစာစာအုပ်

၄။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အထည်အလိပ်ထုတ်လုပ်မှုနည်းပညာဆိုင်ရာ အသုံးအနှုန်းများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၅။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ပြည်တွင်းအထည်အလိပ်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်

၆။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်ရုံဆိုင်ရာ အချက်အလက်များ

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တီတွတ်ပိုက်လိုင်းအခြေစိုက်စခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၄

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ တီတွတ်ပိုက်လိုင်း အခြေစိုက်စခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တီတွတ်ပိုက်လိုင်းအခြေစိုက်စခန်းသို့ ရောက်ရှိရာ အင်ဂျင်နီယာချုပ်(ပိုက်လိုင်း)က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာ ထုတ်ယူရရှိနိုင်သည်ဖြစ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုရန်လိုအပ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ကို ရယူသုံးစွဲနေသည့် အဖွဲ့အစည်းများ အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ၏ စွမ်းဆောင်ရည်နိမ့်ကျမှုကြောင့်လည်း လေလွင့်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နေပါကြောင်း၊ ပိုက်လိုင်းများ အဆင့်မြှင့်တင်လဲလှယ်ခြင်းနှင့် Metering System များ စနစ်တကျ မရှိမှုများကြောင့် ဆုံးရှုံးမှုများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစီအမံများချမှတ်ပြီး ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပြည်တွင်းတွင် သုံးစွဲလျက်ရှိသည့် သဘာဝဓာတ်ငွေ့များ၏ ၈၅ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် အဓိကဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

သဘာဝဓာတ်ငွေ့များ လေလွင့်ဆုံးရှုံးမှုမရှိပါက ယခုလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းကျော် ပိုမိုတိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စက်များ၏ စွမ်းဆောင်ရည်ကြောင့် လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းဆောင်ရည်ကျဆင်းနေသော ဓာတ်အားပေးစက်များအား ပြုပြင်စေခြင်း၊ စွမ်းဆောင်ရည် ပိုမိုမြင့်မားသောစက်များဖြင့် လဲလှယ်အသုံးပြုစေခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရေး စီမံကိန်းအသစ်များ တည်ဆောက်ရန် အဆိုပြုလျှောက်ထားလာမှုအပေါ်တွင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ စက်စွမ်းရည်အပေါ်မူတည်၍ စိစစ်ခြင်းတို့ဖြင့် ထိန်းကျောင်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း ပိုက်လိုင်းကွန်ရက်များတွင် သဘာဝဓာတ်ငွေ့ ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် ပိုက်လိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရမည့် အပိုင်းများသတ်မှတ်ပြီး နှစ်အလိုက် အစားထိုးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပိုက်လိုင်းများ အစားထိုးလဲလှယ်ခြင်း၊ ပိုက်လိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့် စခန်းများမှ စက်ရုံတစ်ခုချင်းစီသို့ Metering စနစ်အသုံးပြု၍ ဖြန့်ဖြူးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပိုက်လိုင်းစခန်းအတွင်း ဝယ်ယူထားရှိသည့် ပိုက်အသစ်များနှင့် ပြန်လည်ဖြုတ်သိမ်းထားသော ပိုက်များ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပိုက်လိုင်းအစားထိုးပြုပြင်ခြင်းလုပ်ငန်းများတွင် ဝယ်ယူထားပြီးဖြစ်သော ပိုက်များအပြင် ပြန်လည်ဖြုတ်သိမ်းထားသော ပိုက်များကို စွမ်းအားမြှင့်တင်၍ ဆယ်တင်ပြီးပြန်လည်အသုံးပြုသွားကြရန်နှင့် ပိုက်များအားပျက်စီးမှုမဖြစ်စေရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အာဆီယံနေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုအခမ်းအနား တက်ရောက်

ရန်ကုန် အောက်တိုဘာ ၄

၂၀၂၅ ခုနှစ် အာဆီယံနေ့ အထိမ်းအမှတ် အားကစားလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ နည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၈) ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (SOMS-8) နှင့် ဒုတိယအကြိမ်မြောက် အာဆီယံအားကစားဝန်ကြီးများအဆင့် အစည်းအဝေး (AMMS-2) တို့က ဆွေးနွေး အတည်ပြု ဆုံးဖြတ်ခဲ့ကြပြီး အာဆီယံအားကစားနေ့ အထိမ်းအမှတ် အားကစားလှုပ်ရှားမှုများကို ၂၀၁၉ ခုနှစ်ကစတင်၍ မြန်မာနိုင်ငံတွင်သာမက အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးတွင် နှစ်စဉ်ကျင်းပခဲ့ကြကြောင်း။

ယခုနှစ်တွင် ထူးထူးခြားခြား အနေဖြင့် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ အားကစားလူငယ် မောင်/မယ်များအတွက် အားကစား လှုပ်ရှားမှုများအနေဖြင့် ယခုပြိုင်ပွဲများကို စီစဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် အာဆီယံနေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုကို ပါဝင်ဆင်နွှဲရန် ရောက်ရှိလာသည့် အားကစားလူငယ် မောင်/မယ်များအနေဖြင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ပျော်ပျော်ပါးပါး စုပေါင်းလမ်းလျှောက်ကြပြီး ASEAN Quiz အစီအစဉ်ကို ဆောင်ရွက်ကြကာ ဆုရရှိသူများအား ဆုများ ပေးအပ်သည်။

ယင်းနောက် အမျိုးသား/အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၀၀ လက်ဆင့်ကမ်း ပြိုင်ပွဲများကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် ပြေးခုန်ပစ် အားကစားသမားများ၏ Event အလိုက် စံချိန်ယူလေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယခင်ရရှိထားသည့် စံချိန် / စံညွှန်းများထက် ပိုမိုကောင်းမွန်သည့် စံချိန်/စံညွှန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ရှိ ပြည်ထောင်စုခန်းမ၌ ISPE FC အသင်းသုံးသင်း၏ အုပ်ချုပ်/နည်းပြ အားကစားသမားများအား တွေ့ဆုံ အမှာစကားပြောကြားပြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည့် ဘော်လီဘော နည်းပြသင်တန်းဆင်းပွဲ တက်ရောက်ကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒိုင်ချုပ်နှင့် သင်တန်းသားများကို ဂုဏ်ပြုလက်ဆောင်များ၊ (A လိုင်စင်၊ B လိုင်စင်နှင့် C လိုင်စင်) များကို ပေးအပ်ကြသည်။

ယင်းနောက် သိမ်ဖြူအားကစားကွင်း၌ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မွေနှင့် Kickboxing အားကစားနည်းမှ ပဏာမလက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုပြီး သိမ်ဖြူအားကစားခန်းမပြင်ဆင်ရန် လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ဆရာ ဆရာမများအား ဈေးနှုန်းသက်သာစွာဖြင့် စားသုံးဆီများရောင်းချပေး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ဆရာ ဆရာမများအား ဈေးနှုန်းသက်သာစွာဖြင့် စားသုံးဆီများ ရောင်းချပေးခြင်းကို စက်တင်ဘာ ၃၀ ရက်က မြို့နယ်ပညာရေးမှူးရုံးရှေ့၌ ရောင်းချပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သည့် စားသုံးဆီ တစ်ခရိုင်လျှင် ၁၀ တန်ရရှိပြီး မော်လမြိုင်ကျွန်းမြို့နယ်အတွက် ရရှိသည့် တန် ငါးတန်၊ ၂၈ ပိပါအား စားသုံးဆီကိုယ်စားလှယ် ဦးကျော်လင်းပိုင်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၈၂ ကျောင်းမှ ဆရာ ဆရာမများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရောင်းချရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်သူက ဝယ်ယူကြသူများကို ကြည့်ရှုအားပေးသည်။



အဆိုပါ စားသုံးဆီများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ ခုနှစ် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ၊ MSME by G3G Appမှ တာဝန်ရှိသူများ၊ Weday Online Appမှ တာဝန်ရှိသူများနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုပွဲတော်ကြီးကို ပြည်သူများအနေဖြင့် စိတ်လက်ပေါ့ပါးပျော်ရွှင်စွာဖြင့် ဂီတဖျော်ဖြေမှုများကို ကြည့်ရှုခံစားရင်း ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေးနိုင်ရေး၊ ထုတ်လုပ်ပြသရောင်းချသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး မိမိထုတ်ကုန်ပစ္စည်းများကို ကောင်းစွာ ယှဉ်ပြိုင်နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် ပြည်တွင်းသုံးထုတ်ကုန်ပစ္စည်းများကို ပြည်ပတင်ပို့နိုင်သည့် အမယ်သစ်အရည်အသွေးကောင်းထုတ်ကုန်ပစ္စည်းများအဖြစ် ဖြစ်ပေါ်နိုင်ပြီး ပြည်တွင်း၌လည်း MSME လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ စက်မှုဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းရင်းသားရိုးရာအကအဖွဲ့များက ဖျော်ဖြေတင်ဆက်ကပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကာ ပွဲတော်ရှိ ဈေးဆိုင်ခန်းများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု သနပ်ခါးအရောင်းပြခန်း(**အပေါ်ပုံ**) နှင့် သနပ်ခါးလိမ်းခြယ်နေမှုများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တိုက်ရိုက်မျိုးစေ့ချကိရိယာ (Drum Seeder) စက်ကိရိယာများနှင့် အလှမွေးငါး အိမ်မွေးတိရစ္ဆာန်၊ တွားသွားသတ္တဝါ၊ အရောင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါပွဲတော်ကို အောက်တိုဘာ ၄ ရက်မှ အောက်တိုဘာ ၇ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်တွင် တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ စက်မှုထုတ်ကုန်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် အစားအစာအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများ အပါအဝင် ဈေးဆိုင်ခန်းပေါင်း ၆၂၀ ကျော် ခင်းကျင်းရောင်းချလျက်ရှိသည့်အပြင် ပွဲတော်ရက်များအတွင်း အလှူရှင်များက နေ့စဉ် စတုဒိသာ ကျွေးမွေးသည့်အစီအစဉ်များ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုပါ ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

ထို့ပြင် ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ ကားများ စီစဉ်ဆောင်ရွက်ထားရှိပြီး ပွဲတော်ရက်များအတွင်း အလှမီးများနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်မည်ဖြစ်ကာ ပြည်သူများအနေဖြင့် ပျော်ရွှင်စွာလာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ကယားပြည်နယ် မိုင်းလုံးနှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားရှိခိုးကျောင်းနှင့် ခန်းမဆောင် ဆက်ကပ်အပ်နှံဝတ်ပြုဆုတောင်းခြင်း အခမ်းအနားကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၄**

အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်မြို့ မိုင်းလုံးနှစ်ခြင်း ခရစ်ယာန်အသင်းတော် ဘုရားရှိခိုးကျောင်းနှင့် ခန်းမဆောင် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီး၍ ဆက်ကပ်အပ်နှံ ဝတ်ပြုဆုတောင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိုင်းလုံးနှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သိက္ခာတော်ရဆရာတော်ကြီးများ၊ အသင်းသူ အသင်းသားများ၊ ရပ်ကွက်နေပြည်သူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ လွိုင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အဖွင့်ဆုတောင်းခြင်း ဆောင်ရွက်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မိုင်းလုံးနှစ်ခြင်း အသင်းတော် အသင်းသားများက ခမ္မတေး သီချင်းများ ချီးမွမ်းသီဆိုခြင်း၊ သမ္မာကျမ်းစာ ဖတ်ကြားခြင်း၊ တရားဒေသနာ ဝေငှဟောကြားခြင်းများဆောင်ရွက်ပြီး လွိုင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ တယောသံစုံတီးခတ်၍ ဂုဏ်တော်ချီးမွမ်းကာ မိုင်းလုံးနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မိုင်းလုံးနှစ်ခြင်းခရစ်ယာန်အသင်းတော်သို့ အလှူငွေများ ပေးအပ်ရာ အသင်းသူတစ်ဦးက လက်ခံရယူပြီး သိက္ခာတော်ရဆရာတော် လားဘွယ်နေမူးက လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မိုင်းလုံးနှစ်ခြင်း ခရစ်ယာန်အသင်းတော် ဘုရားရှိခိုးကျောင်း၊ ခန်းမဆောင်၊ အသင်းတော်၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူများအတွက် အထူးဆက်ကပ်ဆုတောင်းခြင်း၊ မိတ်ဆုံနေ့လယ်စာအတွက် ဆက်ကပ်ဆုတောင်းခြင်း၊ ကောင်းချီးပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဧည့်သည်တော်များကို မိတ်ဆုံနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ ကျက်သရေဆောင် မြို့နာမ်ရွှေစေတီတော်တွင် သီတင်းကျွတ်ကာလ၌ ဆီမီး ၁၀၀၀၀ ပူဇော်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ပြင်ဆင်နေမှုနှင့် စေတီတော်ပရိဝုဏ်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေး ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်အားကစားကွင်းသို့ရောက်ရှိကာ အားကစားကွင်းအတွင်းနှင့် ကွင်းပတ်ဝန်းကျင်တစ်လျှောက် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းနှင့်ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အမျိုးသားရေကူးကန် ပြန်လည်ဖွင့်လှစ်နေမှု အခြေအနေများ၊ ပြေးခုန်ပစ်အားကစားပွဲများ ကျင်းပနိုင်ရန် မီတာ ၄၀၀ Synthetic ပြေးလမ်း ပြင်ဆင်ဆောင်ရွက် ပြီးစီးမှုများနှင့် ပြည်နယ်လက်ရွေးစင် U-25 အမျိုးသမီးဘောလုံးအသင်း စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

**✻ *ကျောဖုံးမှ***

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကျောက်မဲမြို့ရှိ အုပ်ချုပ်ရေးယန္တရားများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နိုင်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဥပဒေရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ ဝန်ထမ်း ၃၄ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ကျောက်မဲမြို့သို့ ထပ်မံရောက်ရှိကြပြီး ၎င်းတို့နှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လှူဒါန်းသော ဆန်အိတ် ၅၀၀ နှင့် ဆီပိုသာ ၅၀၀ တို့ထပ်မံရောက်ရှိလာသဖြင့် အောက်တိုဘာ ၃ ရက်မှ ယနေ့အထိ စုစုပေါင်းဆန်အိတ် ၁၀၀၀၊ ဆီပိုသာ ၁၀၀၀၊ ပဲပိုသာ ၃၀၀၊ ဆား ပိုသာ ၅၀၀၊ Family Kits ၆၇ ပုံးတို့ ရောက်ရှိပြီဖြစ်ပြီး အဆိုပါစားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ယာယီနေရပ်စွန့်ခွာခဲ့သည့် ဒေသခံတိုင်းရင်းသားပြည်သူများသည်လည်း ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးခြင်းများနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

၎င်းအပြင် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ဆယ်တင်တူးဖော်ပေးခြင်းနှင့် စာသင်ခန်းများအတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြပြီး ကျောက်မဲမြို့ကျက်သရေဆောင်ခန်းမ၊ ကျောက်မဲမြို့မဈေးနှင့် ပတ်ဝန်းကျင်နေရာများ၌လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# လေပြင်းတိုက်ခတ်မှုများကြောင့် ဒတ်ချ်လေကြောင်းလိုင်း KLM က လေကြောင်းခရီးစဉ် ၁၀၀ ကျော် ဖျက်သိမ်း



**သည်ဟိဂ် အောက်တိုဘာ ၄**

လေပြင်းတိုက်ခတ်မှုများကြောင့် နယ်သာလန် နိုင်ငံတစ်ဝန်း အဝါရောင်သတိပေးချက် ထုတ်ပြန်ခဲ့ပြီးနောက် ဒတ်ချ်လေကြောင်းလိုင်း KLM က အောက်တိုဘာ ၄ ရက်တွင် အမ်စတာဒမ်မြို့ရှိ စခီဖိုလ်လေဆိပ်တွင် ပျံသန်းပြေးဆွဲရန် စီစဉ်ထားသည့် လေကြောင်းခရီးစဉ် ၁၀၀ ကျော်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

မုန်တိုင်းထန်သော ရာသီဥတုဖြစ်စဉ်ကြောင့် ဝင်ရောက်လာမည့် လေကြောင်းခရီးစဉ် ၈၀ နှင့် ထွက်ခွာမည့်လေကြောင်းခရီးစဉ် ၇၀ ကျော်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း KLM ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အေအင်န်ပီသတင်းဌာနသို့ ပြောသည်။

တော်ဝင်နယ်သာလန်မိုးလေဝသဌာနက ကုန်းတွင်းပိုင်းတွင် လေတိုက်နှုန်း တစ်နာရီလျှင် ၉၀ ကီလိုမီတာအထိနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် လေတိုက်နှုန်း တစ်နာရီလျှင် ၁၀၀ ကီလိုမီတာအထိ တိုက်ခတ်နိုင်သည့်အတွက် အဝါရောင်သတိပေးချက် ထုတ်ပြန်ထားခြင်းဖြစ်သည်။

သစ်ကိုင်းများ ကျိုးကျခြင်း အပါအဝင် အန္တရာယ်ရှိသော အခြေအနေများအတွက် သတိထားကြရန် ပြည်သူများအား အကြံပြုတိုက်တွန်းထားသည်။ **ဆင်ဟွာ**

# ၂၀၁၄ ခုနှစ်မှစ၍ မြေထဲပင်လယ်၌ သေဆုံးသည့် ရွှေ့ပြောင်းနေထိုင်သူ ၃၂၇၀၀ ကျော်ရှိ

**ဂျီနီဗာ အောက်တိုဘာ ၄**

၂၀၁၄ ခုနှစ်မှစ၍ မြေထဲပင်လယ်၌ သေဆုံးသည့် ရွှေ့ပြောင်းနေထိုင်သူ ၃၂၇၀၀ ကျော်ရှိသည်ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၃ ရက်တွင် ပြောသည်။

ရွှေ့ပြောင်းနေထိုင်သူ ၃၂၇၀၀ ကျော်သေဆုံးမှုနှင့်အတူ မြေထဲပင်လယ်သည် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအတွက် သေမင်းထောင်ချောက် ဖြစ်နေသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

လွန်ခဲ့သည့် ၁၂ နှစ်ခန့်က အီတလီကျွန်းတစ်ကျွန်းဖြစ်သည့် လမ်ပီဒူဆာကျွန်းတွင် ပိုမိုကောင်းမွန်သည့် ဘဝရှာဖွေရေးအတွက် ထွက်ခွာလာခဲ့ကြသည့်ရွှေ့ပြောင်းနေထိုင်သူ ၃၆၈ ဦးမှာ ပင်လယ်ပြင်တွင် အသက်ဆုံးရှုံးခဲ့ရသည်။

ထိုအချိန်တွင် ကုလသမဂ္ဂ အေဂျင်စီများက ပြောင်းလဲမှုအတွက် ကျယ်ကျယ်ပြန့်ပြန့် တောင်းဆိုခဲ့ကြပြီး ထိုသို့အဖြစ်ဆိုးမျိုး နောက်ထပ်မဖြစ်စေရန် ကတိပြုခဲ့ကြသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောသည်။



သို့သော်လည်း ယခုအချိန်အထိ ပင်လယ်ထဲတွင် အသက်ဆုံးရှုံးရမှုများ ရှိနေဆဲဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထိုအချိန်မှစ၍ မြေထဲပင်လယ် လမ်းကြောင်းတစ်လျှောက် ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် ၄၂ ဦး အသက်ဆုံးရှုံးရပြီး အသက်ဆုံးရှုံးရသူများထဲမှငါးဦးလျှင် တစ်ဦးမှာ ကလေးများဖြစ်သည်ဟု ကုလသမဂ္ဂအေဂျင်စီက ခန့်မှန်းထားသည်။

လူကုန်ကူးသူများ စီစဉ်ထားသော အန္တရာယ်ရောပြွမ်းသည့် လမ်းကြောင်းများကို မှီခိုနေရမှု လျှော့ချနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာမှ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေး၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် စနစ်တကျ ရွှေ့ပြောင်းနိုင်သော ဘေးကင်းသည့် လမ်းကြောင်းများအားကောင်းလာရေး အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# မွန်ဂိုလီးယားနိုင်ငံ၌ ပထမရှစ်လအတွင်း အသားနှင့် အသားထုတ်ကုန် တန်ချိန် ၁၈၁၀၀ တင်ပို့

**အူလန်ဘာတာ အောက်တိုဘာ ၄**

မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမရှစ်လအတွင်း အသားနှင့် အသားထုတ်ကုန် တန်ချိန် ၁၈၁၀၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ပမာဏမှာ ပြီးခဲ့သည့်နှစ်ကာလတူနှင့် နှိုင်းယှဉ်ကြည့်လျှင် ၁၀ ဒသမ ၉ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း နိုင်ငံ၏ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် အသေးစားစက်မှုဝန်ကြီးဌာနက အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း သိုးသားနှင့် ဆိတ်သားမှာ စုစုပေါင်းတင်ပို့မှု၏ ၆၃ ရာခိုင်နှုန်းရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။ ရှစ်လအတွင်း အသားနှင့် အသားထုတ်ကုန်အများစုကို တရုတ်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ကာတာ၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ အဓိကတင်ပို့ခဲ့ကြောင်း သိရသည်။



တိရစ္ဆာန်မွေးမြူရေးကဏ္ဍသည် မွန်ဂိုလီးယားနိုင်ငံစီးပွားရေး၏ အဓိကမဏ္ဍိုင်များထဲမှ တစ်ခုဖြစ်ပြီး နိုင်ငံ၏ အိမ်ခြေအတည်တကျမရှိသူများ၏ ၄၀ ရာခိုင်နှုန်းနီးပါးမှာ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းအပေါ်မှီခိုနေရကြောင်း သိရသည်။ မွန်ဂိုလီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ်ကုန်က မွေးမြူထားသည့် တိရစ္ဆာန်ကောင်ရေ ၅၇ ဒသမ ၆ သန်းရှိကြောင်း အမျိုးသားစာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ထရမ့်၏ ငြိမ်းချမ်းရေးအစီအစဉ်ကို ဟားမားစ်တို့ လက်ခံလိုက်သည့်အပေါ် ကာတာကြိုဆို

**ဒိုဟာ အောက်တိုဘာ ၄**

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်နှင့် အဆိုပြုချက်ပါ အချက်တစ်ချက်ဖြစ်သည့် ဓားစာခံများအားလုံး ပြန်လွှတ်ပေးရေးကို ဟားမားစ်တို့က လက်ခံလိုက်သည့်အပေါ် ကာတာနိုင်ငံက အောက်တိုဘာ ၄ ရက်တွင် ကြိုဆိုခဲ့သည်။

ဓားစာခံများ လုံခြုံစိတ်ချစွာဖြင့် အမြန်ဆုံးပြန်လွှတ်လာရေး ဆောင်ရွက်ရန်အတွက် ချက်ချင်းအပစ်အခတ်ရပ်စဲရေးကို တောင်းဆိုခဲ့သည့် သမ္မတထရမ့်၏ကြေညာချက်ကို ထောက်ခံကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာဂျက်ဘင်မိုဟာမက် အယ်အန်ဆာရီက လူမှုကွန်ရက်မီဒီယာပေါ်တွင် ရေးသားထားသည်။

ပဋိပက္ခများအဆုံးသတ်ရေး လမ်းကြောင်းဆီသို့ရောက်ရန်နှင့် ငြိမ်းချမ်းရေးအစီအစဉ်အတွက် ဆွေးနွေးပွဲများဆက်လက်ပြုလုပ်ရန် ကာတာနိုင်ငံသည် အီဂျစ်၊ အမေရိကန်တို့နှင့်အတူ စတင်ပူးပေါင်းဆောင်ရွက်လိုက်ပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး၊ ဓားစာခံများပြန်လွှတ်ရေး၊ အဆင့်ဆင့်စီမံထားသော အစ္စရေးတပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာမှ ကြီးကြပ်ပါဝင်ထားသည့် ဂါဇာဒေသ စစ်ပွဲအလွန်ပြန်လည်တည်ဆောက်ရေး စသည်တို့ပါဝင်သည့် အချက် ၂၀ ကို အမေရိကန်က အဆိုပြုခဲ့သည်။

ဂါဇာပဋိပက္ခတစ်လျှောက် ကာတာနိုင်ငံသည် အီဂျစ်နိုင်ငံနှင့်အတူ ကြားဝင်စေ့စပ်သူအဖြစ် အဓိကနေရာမှ ပါဝင်ခဲ့သည်။ ယခင်ကလည်း အစ္စရေးနှင့်ဟားမားစ်တို့ကြား ယာယီအပစ်အခတ်ရပ်စဲမှုများနှင့် အကျဉ်းသားဖလှယ်မှုများ ဆောင်ရွက်ရာတွင် ကူညီခဲ့သည်။ **ဆင်ဟွာ**



# တောင်ဆူဒန်၌ ပြည်နယ်ခြောက်ခုမှ ဒေသ ၂၆ ခုတွင် ခန့်မှန်းခြေ လူပေါင်း ၆၃၉၂၂၅ ဦး ရေဘေးသင့်

**ဂျူဘား အောက်တိုဘာ ၄**

တောင်ဆူဒန်နိုင်ငံ၌ မိုးသည်းထန်ရွာသွန်းမှုကြောင့် နေရာအနှံ့အပြားရေကြီးရေလျှံမှုဖြစ်ပွားပြီး ပြည်နယ်ခြောက်ခုမှ ဒေသ ၂၆ ခုတွင် ၁၉ ဦး သေဆုံးပြီး ခန့်မှန်းခြေ လူပေါင်း ၆၃၉၂၂၅ ဦး ရေဘေးသင့်မှုဖြစ်ပွားကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီက အောက်တိုဘာ ၃ ရက်တွင် ပြောသည်။

ဒေသ ၁၆ ခုရှိ မြင့်မားသောနေရာများတွင် လူပေါင်း ၁၇၅၀၀၀ နီးပါး ပြောင်းရွှေ့နေထိုင်ကြရကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က ပြောသည်။ ငှက်ဖျားရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု များပြားလာသဖြင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ မြင့်တက်လာကြောင်း အိုစီအိတ်ချ်အေက ပြောသည်။

ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံ အနည်းဆုံး ၁၂ ခု ထိခိုက်မှုရှိခဲ့ကြောင်း၊ ယင်းအပြင် ဒေသ ၁၁ ခုတွင် မြွေကိုက်ခံရမှု ၁၄၄ မှုနှင့် အာဟာရချို့တဲ့ဖြစ်ပွားမှု ၃၃၉၁ မှု ရှိခဲ့ကြောင်း အစီရင်ခံ ဖော်ပြချက်များအရ သိရသည်။ တောင်ဆူဒန်နိုင်ငံရှိ လူပေါင်း ၁ ဒသမ ၄ သန်းခန့်မှာ ရေကြီးရေလျှံမှုအန္တရာယ်နှင့် ရင်ဆိုင်နေကြရကြောင်း ကမ္ဘာလုံးဆိုင်ရာပရဟိတအဖွဲ့ Save the Children က ပြောကြားပြီးနောက်တစ်ရက်အကြာတွင် အဆိုပါ အစီရင်ခံစာထွက်ပေါ်လာခြင်းဖြစ်သည်။ **ဆင်ဟွာ**

# ဒီတက္ကသိုလ်ကြီးက ကျွန်တော်တို့ကို လူနေမှုအဆင့်အတန်းနဲ့ လူ့ဘောင်ဘဝဝင်ဆံ့ဖို့ကို အများကြီး သင်ပေးခဲ့ပါတယ်

*ဦးသိုက်စိုး (ကျောင်းသားဟောင်း)*

မန္တလေးဥပစာကောလိပ်အဖြစ် ၁၉၂၅ ခုနှစ်၌စတင်ဖွင့်လှစ်ခဲ့သည့် မန္တလေးတက္ကသိုလ်သည် ယခု ၂၀၂၅ ခုနှစ်တွင် နှစ်(၁၀၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် မန္တလေးတက္ကသိုလ်၏ နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့ပေါ်တွင်သာမက နယ်ဝေးမှ မန္တလေးတက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများ၊ ဆရာကြီး ဆရာမကြီးများ စုံစုံလင်လင်တက်ရောက်ခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြကာ ခေတ်အဆက်ဆက်တက္ကသိုလ်ကြီး၏ လွမ်းမောဖွယ် အချိန်ကာလတစ်ခုကို ပြန်ပြောင်းအောက်မေ့ပြောကြားမှုများ၊ တက္ကသိုလ်ကြီး၏ ရာပြည့်အခမ်းအနားကြီးကို ခမ်းနားစွာကျင်းပနိုင်ခဲ့မှုနှင့် ယခုအခမ်းအနားသို့ တက်ရောက်ခွင့်ရခဲ့ကြသည့် ရင်တွင်းစကားသံများကို မေးမြန်းရေးသား ဝေမျှလိုက်ရပါသည်။


ဒေါက်တာ မေသွယ်အေး
(ဒုတိယပါမောက္ခချုပ်)


ဒေါက်တာသန်းသန်းစိုး
(တွဲဖက်ပါမောက္ခ)


ဒေါ်မြတ်သဇင်လှိုင်
(ကထိက)


ဦးသိုက်စိုး
(ကျောင်းသားဟောင်း)


မောင်ကျော်မိုးဦး
(တတိယနှစ်ကျောင်းသား)


မမိုးဆွေ
(ကျောင်းသူ)

**ဦးသိုက်စိုး(ကျောင်းသားဟောင်း)**

ဒီရာပြည့်ပွဲကြီးကို မတ်လမတိုင်ခင်ကတည်းကစတင်ပြီး ဆရာကြီး ဆရာမကြီးတွေ၊ ကျောင်းသားဟောင်းတွေ၊ မြို့မိမြို့ဖတွေဦးဆောင်ပြီး ဖြစ်မြောက်အောင်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ အခုလိုအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဒီပွဲမှာလည်း မိတ်ဆွေဟောင်း၊ သူငယ်ချင်းဟောင်းတွေကို ပြန်လည်တွေ့ရတဲ့အတွက်လည်း အတိတ်ကိုပြန်လည်တမ်းတမိပါတယ်။ မေဂျာပေါင်းစုံက သူငယ်ချင်းတွေကို တွေ့ရတဲ့အတွက်လည်းဝမ်းသာမိပါတယ်။ နှစ်(၃၀)လောက်ပြန်ငယ်သွားတယ်လို့လည်း ခံစားမိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်တဲ့ သူငယ်ချင်းတွေလည်းရှိပါတယ်။ ဒီတက္ကသိုလ်ကြီးက ကျွန်တော်တို့ကို လူနေမှုအဆင့်အတန်းနဲ့လူ့ဘောင်ဘဝဝင်ဆံ့ဖို့ကို အများကြီး သင်ပေးခဲ့ပါတယ်။ ဒါကြောင့် တက္ကသိုလ်ရာပြည့်ပွဲမှာ ပါဝင်ဆင်နွှဲရတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။

**မောင်ကျော်မိုးဦး**
**(တတိယနှစ်ကျောင်းသား)**

ကျွန်တော်တို့ကျောင်းရဲ့ နှစ်(၁၀၀) ပြည့်ပွဲတော်ကြီးဖြစ်တော့ ပျော်တာပေါ့။ ကိုယ်တိုင်လည်း ပါဝင်ရတဲ့အတွက် အမှတ်တရတွေအများကြီးလည်း ဖြစ်ပါတယ်။ ကျောင်းတော်ကြီးနဲ့ပတ်သက်ပြီး ကျောင်းသားဘဝ အမှတ်တရတွေကတော့ အများကြီးရှိပါတယ်။ ပွဲတော်ကြီးဖြစ်မြောက်ဖို့အတွက် အားလုံးခက်ခက်ခဲခဲနဲ့ ကြိုးစားဆောင်ရွက်တဲ့အတွက် အခုလို အောင်မြင်စွာ ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ပွဲတော်ကြီးမှာဆိုရင် ဆိုင်ခန်းတွေ၊ ပြခန်းတွေအများကြီး ပါဝင်ပါတယ်။ ကျွန်တော်တို့တက္ကသိုလ်ရဲ့ ပွဲတော်ကြီးကတော့ အလွန်ကိုခမ်းနားလှပါတယ်။ အနယ်နယ်အရပ်ရပ်က လာရောက်ပါဝင်ဆင်နွှဲကြတဲ့သူတွေလည်း အများကြီးတွေ့ရပါတယ်။ ဒီလိုအောင်မြင်စွာကျင်းပနိုင်ဖို့ ကူညီပေးကြတဲ့ သူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ မျိုးဆက်သစ် ကျောင်းသားတွေအနေနဲ့လည်း တက္ကသိုလ် ကျောင်းသားတစ်ယောက်ဖြစ်လာပြီဆိုရင် တက္ကသိုလ်ကျောင်းသားဘဝကို ကောင်းကောင်းမွန်မွန် ဖြတ်သန်းခံစားကြည့်ကြပါလို့ ပြောလိုပါတယ်။

**မမိုးဆွေ(ကျောင်းသူ)**

ဒီနေ့အခမ်းအနား လာရောက်တက်ခွင့်ရတဲ့အတွက် အလွန်ကိုပျော်ရွှင်မိပါတယ်။ ဒီလိုပွဲကြီးကိုလည်း တစ်ခါမှလည်း မကြုံဖူးတော့ စိတ်လှုပ်ရှားမိပါတယ်။ နောက်ပြီး အစီအစဉ်တွေကလည်း အများကြီး စီစဉ်ဆောင်ရွက်ထားတာကိုလည်းတွေ့ရပါတယ်။ အခမ်းအနားမှာတော့ ကျွန်မတို့အနေနဲ့ ကြိုဆိုရေးအနေနဲ့ ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ကြိုဆိုရေးအဖွဲ့မှာ ၁၆ ယောက်ပါဝင်ပါတယ်။ သူငယ်ချင်းတွေအားလုံး စည်းစည်းလုံးလုံးနဲ့ ဆင်တူဝတ်စုံတွေဝတ်ဆင်ပြီး ပါဝင်ဆင်နွှဲတာဖြစ်ပါတယ်။ နိုင်ငံတော်အဆင့်ပွဲကြီးဆိုတော့ ပီတိလည်းဖြစ်ပြီး ဂုဏ်ယူမိပါတယ်။ ကျောင်းမပြီးမချင်း တက္ကသိုလ်ကြီးကလုပ်တဲ့ပွဲတိုင်းမှာ ပါဝင်သွားပါမယ်။ အနယ်နယ်အရပ်ရပ်ကသူငယ်ချင်းတွေ၊ အဝေးရောက်နေတဲ့ သူငယ်ချင်းတွေအနေနဲ့ ဖြစ်နိုင်မယ်ဆိုရင် ဒီပွဲကြီးကို ပါဝင်ဆင်နွှဲကြစေလိုပါတယ်။

**ဒေါ်မြတ်သဇင်လှိုင်**
**(ကထိက၊ မန္တလေးတက္ကသိုလ်)**

ဒီနေ့ပွဲမှာတော့ ကျွန်မတို့ မန္တလေးတက္ကသိုလ်သင်္ချာဌာနအနေနဲ့ ဘက်ပေါင်းစုံကနေပါဝင်ဖြစ်ပါတယ်။ အခမ်းအနားကြီးမှာ စာတမ်းဖတ်ပွဲတွေ၊ ပြပွဲတွေ၊ ကျောင်းသားဟောင်းတွေရဲ့ ဆရာကန်တော့ပွဲတွေလည်းရှိပါတယ်။ နောက်ရက်ကျရင်လည်း စတုဒိသာအကျွေးအမွေးတွေလည်း ပါဝင်ပါတယ်။ ဒီလိုကြုံတောင့်ကြုံခဲ အခမ်းအနားကြီးမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲရတဲ့အတွက် အလွန်ကိုပျော်ရွှင်မိပါတယ်။ ငယ်သူငယ်ချင်းတွေကိုလည်း တွေ့ခွင့်ရတယ်။ အလွန်ကိုဂုဏ်ယူမိပါတယ်။ အခုလိုအခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပပေးကြတဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ တက္ကသိုလ်မှာတော့ အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ ပြန်တွေးရင်တော့ အောက်မေ့စရာတွေပါပဲ။ တက္ကသိုလ်ကြီးကို ပြောမပြနိုင်အောင်ချစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်ကြီးနှစ်ပေါင်းများစွာ ဆက်လက်တည်တံ့ခိုင်မြဲပြီး ထူးချွန်ကျောင်းသားတွေလည်း မွေးထုတ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

**ဒေါက်တာသန်းသန်းစိုး**
**(တွဲဖက်ပါမောက္ခ၊ စီးပွားရေးပညာဌာန)**

ဒီအခမ်းအနားကြီးမှာ ကျွန်မတို့ဌာနအနေနဲ့ ပြခန်း(၅)ခန်း တာဝန်ယူပြသထားပါတယ်။ အမှတ်တရပစ္စည်းတွေလည်းပြသရောင်းချပေးပါတယ်။ ဒီပွဲတော်ကြီးဖြစ်မြောက်ဖို့ အားလုံးကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုခမ်းနားတဲ့ပွဲတော်ကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ပြည်သူတွေအနေနဲ့လည်း ပွဲတော်ကြီးကို လာရောက်ပြီး ပြခန်းတွေ၊ အမှတ်တရဓာတ်ပုံတွေနဲ့ အခြားထူးခြားတဲ့ အစီအစဉ်တွေလည်း ထည့်သွင်းထားတဲ့အတွက် လာရောက်ဆင်နွှဲကြဖို့လည်း ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာ မေသွယ်အေး(ဒုတိယပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်)**

ဒီနေ့မှာတော့ မန္တလေးတက္ကသိုလ်ကြီးရဲ့ ရာပြည့်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါပြီ။ ရာပြည့်သဘင် အခမ်းအနားပြီးတဲ့နောက် အောက်တိုဘာ ၅ ရက်နေ့ဟာလည်း ကမ္ဘာ့ဆရာများနေ့ဖြစ်တဲ့အတွက် ဘာသာရပ်ပေါင်းစုံက ဆရာကြီး ဆရာမကြီး ၆၁၆ ဦးကိုလည်း ဘွဲ့နှင်းသဘင်ခန်းမမှာ အာစရိယပူဇော်ပွဲကျင်းပမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အခုမန္တလေးတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ အများစုမရနိုင်တဲ့ အခွင့်အရေးတစ်ရပ်ဖြစ်တဲ့ ရာပြည့်သဘင်ကြီး ကျင်းပဖို့အတွက်ကို တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရခဲ့ပါတယ်။ နောက်ပြီး ကျွန်မအနေနဲ့ မန္တလေးတက္ကသိုလ်ကနေ ကျောင်းပြီးခဲ့တာ ဖြစ်တဲ့အတွက် အမိတက္ကသိုလ်ကြီးရဲ့ပွဲကို ဆင်နွှဲခွင့်ရတာကိုလည်း အလွန်ကိုဂုဏ်ယူမိပါတယ်။ ဒီအခမ်းအနားကြီးကို အနယ်နယ်အရပ်ရပ်မှာရှိတဲ့ မိဘပြည်သူများအားလုံးနဲ့ ကျောင်းတော်ကြီးက မွေးထုတ်ပေးလိုက်တဲ့ ကျောင်းသား ကျောင်းသူဟောင်းတွေ လက်ရှိတက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူအားလုံး အမိတက္ကသိုလ်ကြီးရဲ့ ရာပြည့်သဘင်အခမ်းအနားကို ကိုယ်တိုင်လာရောက်ပြီး ပါဝင်ဆင်နွှဲနိုင်ပါတယ်လို့ ဖိတ်ခေါ်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

---

❑ *ကျော်ဖုံးမှ*

အဆိုပါပွဲစဉ်တွင် ဘုန်းမောက်အသင်းမှ တောင်ပံတိုက်စစ်ကစားသမား ဆီမီညို အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူ၍ ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။ နိုင်ပွဲရရေးခြေကုန်ထုတ်လာသည့် အသင်းနှစ်သင်းတွေ့ဆုံမှု ဖြစ်သည့်အတွက် နောက်ဆုံးမိနစ်အထိ ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိခဲ့သည်။

ပွဲကစားချိန် မိနစ် ၇၀ တွင် ဖူလ်ဟမ်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ဆက်ဆက်ဂ်နွန်က သွင်းယူပေးခဲ့သည်။ ဘုန်းမောက်အသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် တရစပ်ဖိအားပေးကာ သွင်းဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ ပွဲကစားချိန် ၇၈ မိနစ်တွင် ဘုန်းမောက်အသင်း ချေပဂိုးရရှိခဲ့ပြီး ဆီမီညိုက သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် အိမ်ရှင် ဘုန်းမောက်အသင်းကသာ ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး လိုအပ်သည့်သွင်းဂိုးများ သွင်းယူနိုင်ခဲ့သည်။

ဘုန်းမောက်အသင်းအတွက် ဒုတိယဂိုးကို ကလွိုက်ဗက်က ပွဲကစားချိန် ၈၄ မိနစ်တွင် သွင်းယူပေးပြီး အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ပွဲကစားချိန်ပြည့်ခါနီးတွင် ဆီမီညိုက သွင်းယူပေးခဲ့သည်။

ဘုန်းမောက် အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် ခုနစ်ပွဲကစားပြီး လေးပွဲနိုင် နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် ဖူလ်ဟမ်အသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် သုံးပွဲရှုံးရလဒ် ရရှိထားသည်။

**အောင်ဇော်**

# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ အောက်တိုဘာ ၃ ရက်က မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


ခေါင်လန်ဖူးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျိုက်လတ်မြို့နယ်
လှိုင်မင်းအောင်


ဖားကန့်မြို့နယ်
ဖားကန့်သား


ထန်းတပင်မြို့နယ်
ဇင်မင်းထိုက်(ထန်းတပင်)


စကုမြို့
မောင်မောင်(မင်းဘူး)


ရန်ကင်းမြို့နယ်
လှလှထွေး(ပြန်/ဆက်)


ပခုက္ကူမြို့နယ်
ဘာမီသာ(ပခုက္ကူ)


သံတောင်ကြီးမြို့နယ်
နော်နော်မူ


မင်းလှမြို့နယ်
ပေါက်စ(မင်းလှ)


ဖယ်ခုံမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုင်းရယ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုးကောင်းမြို့နယ်
သန်းလွင်ဦး(ပြန်/ဆက်)


ရွာင်မြို့နယ်
ပြည့်ဖြိုးသန့်(ရွာင်)


ခရမ်းမြို့နယ်
ခရမ်း(ပြန်/ဆက်)


ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
အေးမဒ္ဒူ


ဟိုင်းကြီးကျွန်းမြို့
လှိုင်မျိုးအောင်(ပြန်/ဆက်)


ပုလောမြို့နယ်
အေးအေးမော်(ပုလော)


သဃ်န်းကျွန်းမြို့နယ်
ဇော်မိုး(သဃ်န်းကျွန်း)

# ကျောက်ပန်းတောင်း-မိတ္ထီလာလမ်း၌ ကွန်ကရစ်တံတားကျိုးပြီး ပြတ်တောက်မှုအား ပြုပြင်ပြီးစီး၍ ပြန်လည်ဖွင့်



ကျောက်ပန်းတောင်း အောက်တိုဘာ ၄

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ရေလှောင်တမံ၏ ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုကြောင့် ကျောက်ပန်းတောင်း-မိတ္ထီလာ သွားကားလမ်းတွင် ရေကျော်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ ရေစီးဆင်းမှု အရှိန်ကြောင့် ကိုင်းကျေးရွာအနီး မိုင်တိုင်အမှတ် ၅၁/၄ မှ မိုင်တိုင် အမှတ် ၅၁/၇ အတွင်းရှိ တံတားအမှတ် ၅/၅၂ မှာ အောက်တိုဘာ ၃ ရက်က ကျိုးကျမှုဖြစ်ပွားကာ မော်တော်ယာဉ်များ ဖြတ်သန်း သွားလာမရတော့သဖြင့် ယာယီလမ်းပိတ်ဆို့ကာ ကျောက်ဖြည့် ပြုပြင်မှုများကို လမ်းဦးစီးဌာန ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်မှစတင် ဆောင်ရွက်ခဲ့ကြရာ ညနေ ၆ နာရီ မိနစ် ၂၀ တွင် မော်တော်ယာဉ်ကြီး/ ယာဉ်ငယ်များ ပြန်လည်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရ သည်။

နေအောင်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ် မုန်းမြင့်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ပွင့်ဖြူ အောက်တိုဘာ ၄

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုန်းမြင့်ကျေးရွာ ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်း တွင် ကျင်းပသည်။



ဦးစွာ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေမောင်က မီးခိုး မြူငွေ့အန္တရာယ်နှင့် ပတ်သက်၍ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများနှင့်ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ အကြောင်းကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မိုးဇူလှိုင်က သဘာဝပတ်ဝန်း ကျင် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့်ဆောင်ရန် ရှောင်ရန် များကို ဆွေးနွေးဟောပြောကာ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မိမိလွင်က မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်း မှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေး ဟောပြောသည်။

ထို့နောက် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေး အသိပညာ ပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

လက်ပံတန်း အောက်တိုဘာ ၄

လက်ပံတန်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက ပိုးသတ်ဆေး ဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာပေး ဆွေးနွေးပွဲကို မြို့နယ်ခန်းမ၌ ယနေ့ နံနက်ပိုင်း က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင် က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးဉာဏ်မြင့်က ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သီးနှံ ကာကွယ်ရေးတာဝန်ခံက ပြည်ပ ပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင် ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိ ရေးအတွက် ဆောင်ရွက်ရမည့် အချက်များ၊ သီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားများ နှင့် ရောဂါများအတွက် ဘက်စုံ ကာကွယ်နှိမ်နင်းရေး နည်းလမ်း များ အသုံးပြု၍ ကာကွယ်နှိမ်နင်း နည်းများ၊ ပိုးသတ်ဆေးရွေးချယ်မှု မှန်ကန်စေရေးနှင့် စနစ်တကျ ကိုင်တွယ် သုံးစွဲနည်းများကို ရှင်းလင်းပြောကြားရာ ကျေးရွာ အုပ်စုများမှ တောင်သူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)



# ဇီးကုန်းမြို့နယ်၌ ပန်းတိုင်အထွက်နှုန်းရရှိစေရေး နည်းပညာပေးဆွေးနွေး



ဇီးကုန်း အောက်တိုဘာ ၄

ဇီးကုန်းမြို့နယ်၌ ပန်းတိုင်အထွက် နှုန်းရရှိစေရန် နည်းပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမိုးက မြေဆီလွှာပြုပြင်မှု နည်းလမ်းများ၊ သဘာဝမြေသြဇာကို တောင်သူ များကိုယ်တိုင် ပြုလုပ်သုံးစွဲရန်နှင့် ဓာတ်မြေသြဇာများကို အကျိုးရှိစွာ အသုံးပြုနည်း ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခြင်း၏ ဥပဒေ/ နည်း ဥပဒေ၊ ပုဒ်မများ၊ လိုက်နာရမည့် စည်းကမ်းများနှင့် နည်းလမ်းများ အား ဟောပြောခဲ့သည်။

တင့်ဆွေ(ပြန်/ဆက်)

# ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

ချောင်းဦး အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးရုံးတွင် အောက်တိုဘာ ၃ ရက်က ၂၀၂၅-၂၀၂၆ ခုနှစ် မိုး/ဆောင်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲနှင့် စုပေါင်း ဓာတ်မြေသြဇာရောင်းချပွဲများ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုး ရေးဦးစီးမှူး ဦးတင့်ဆွေက ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဦးတင့်ဆွေက ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်ရာတွင် ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲနည်း၊ ဒုတိယ ဦးစီးမှူး ဒေါ်မာလာနွယ်က ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများ ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသော တောင်သူ ၁၀၀ ခန့် အား MPE ပုလဲမြေသြဇာနှင့် ကွန်ပေါင်း ၁၅ ပတ်လည်တို့အား ရောင်းချ ပေးခဲ့ပြီး သီတင်းကျွတ်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကျောပိုး ဆေးဖျန်းစက် အပါအဝင် ဆုမဲ ၂၀ အား ကံစမ်းမဲဖောက် လက်ဆောင် ပေးအပ်ခဲ့သည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)





တံတားမြို့၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို အောက်တိုဘာ ၂ ရက်က ကျေးလက်ကျန်းမာရေးဌာန၌ ဆောင်ရွက် စဉ်။ ကျော်ဆန်း



# အောင်လံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်

အောင်လံ အောက်တိုဘာ ၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃) နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အထက(ရွာထောင်)ကျောင်း ရွှေရတုခန်းမ၌ ပြုလုပ်ပေးရာ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဦးစောနိုင်နှင့် ခရိုင်/မြို့နယ် ဦးစီးမှူးများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၂၀၀ အား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)



# ဥတ္တရသီရိမြို့နယ်၌ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား နည်းပညာပေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၄

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မောင်းရမ်းကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဆောင်ရွက် သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်နှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သူတို့က တောင်သူများအား စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက် စွမ်းအားတိုးတက်ရေး၊ သီးနှံထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေး၊ ပိုးသတ်ဆေးအစားထိုး သဘာဝပိုးသတ်ဆေးများ သုံးစွဲ ရေးနှင့် စိုက်ပျိုးရေမျာကို အလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲရေးတို့ကို နည်းပညာပေး ဆွေးနွေးခဲ့သည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

## မုဒုံမြို့နယ်၌ မိုးစပါးများ ဆစ်ပိုးကာကွယ်နှိမ်နင်းရေးအတွက် ဥကပ်ပါးနဂျီ လွှတ်ပေးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

**မုဒုံ အောက်တိုဘာ ၄**

မုဒုံမြို့နယ်၌ မိုးစပါးများ ဆစ်ပိုးကာကွယ် နှိမ်နင်းရေးအတွက် ဥကပ်ပါးနဂျီ လွှတ်ပေးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျောက်တလုံးကျေးရွာရှိ တောင်သူ ဦးရာဂျူး၏ လယ်ကွင်းအမှတ်- ၈၂၈ ၌ ပြုလုပ်သည်။



ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က ဥကပ်မှ ပေါက်လာသော ထရိုင်ကိုဂရားမား ဥကပ်ပါးနဂျီများသည် စပါး သီးနှံနှင့် စားသုံးသီးနှံတို့၏ အဓိက ဖျက်ပိုးဖြစ်သည့် ဆစ်ပိုး၊ ရွက်လိပ်ပိုး၊ ရွက်လိပ်၊ အိမ်ပိုး၊ ငမြှောင်တောင်ပိုးများ၏ ဥများကို ကပ်ပါးပြု၍ ဇီဝနည်းဖြင့် နှိမ်နင်းပေးနိုင်ပုံ၊ ဥကပ်ပါးနဂျီအသုံးပြုနည်း၊ ရည်ရွယ်ချက်နှင့် ဥကပ်ပါးနဂျီမှ ဖျက်ပိုးဥအတွင်း ဖွံ့ဖြိုးကြီးထွားမှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး လယ်ကေအတွင်း လက်တွေ့သရုပ်ပြသ၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများက ကြည့်ရှုအားပေးခဲ့သည်။

**ရာမည(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**တောင်ဥက္ကလာပ အောက်တိုဘာ ၄**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ယနေနံနက်ပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အဘိတ်ဆေးခတ်ခြင်း၊ ဖုံးသွန်လဲစစ်ပြုလုပ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ပေးဝေခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မင်းဟန်(ပြန်/ဆက်)**

## အီးအမ်ဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်နည်းအား လက်တွေ့သရုပ်ပြ

**တာချီလိတ် အောက်တိုဘာ ၄**

တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု၌ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက အီးအမ်ဘိုကာရှီ သဘာဝမြေဩဇာ ပြုလုပ်ခြင်းနှင့် သုံးစွဲပုံ သုံးစွဲနည်းများကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မယ်ဟုတ်ကျောင်း၌ လက်တွေ့ပြုလုပ်ပြသသည်။



အဆိုပါ လက်တွေ့သရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချဌာနခွဲ မြေအသုံးချတာဝန်ခံ ဒေါ်မြဥမ္မာ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်နီနီထွေးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းသူနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းလှိုင်းအောင်၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များ တက်ရောက် လေ့လာခဲ့ကြကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မိုးညှင်းမြို့နယ်၌ ဆီစက်လုပ်ငန်းရှင်များ ဖွံ့ဖြိုးရေးချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**မိုးညှင်း အောက်တိုဘာ ၄**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်ခြင်းနှင့် ခေတ်မီဆီစက်များ အသစ်တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မိုးညှင်းမြို့ စိမ်းရတနာမွန်(တောင်ပိုင်း)ရပ်ကွက်ရှိ မြတ်သုခဆီစက်လုပ်ငန်းမှ ချေးငွေရယူထားလျက်ရှိပြီး ယနေ့နံနက်ပိုင်းက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများသည် မိုးညှင်းမြို့ စိမ်းရတနာမွန်(တောင်ပိုင်း) ရပ်ကွက်ရှိ မြတ်သုခဆီစက်လုပ်ငန်းအား စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## နောင်ချိုမြို့နယ်၌ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နောင်ချို အောက်တိုဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်သီတာဦးက ကျန်းမာရေးအသိပညာပေးဟောပြောပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၏ ပူးပေါင်းကူညီမှုဖြင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ရာ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၄၄ ဦး စုစုပေါင်း ၇၉ ဦးကို ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေး

### မြစ်ကြီးနား

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းကို အောက်တိုဘာ ၄ ရက်က မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို) ဓမ္မဗိမာန် တော်၌ ကျင်းပရာ ဗန်းမော်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးသိန်းစိုးက ရွေးကောက်ပွဲတွင်မဲပေးစက်အသုံးပြုသွားမည့် အစီအစဉ် များကို ရှင်းလင်းပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဒေါ်ကျော့ကျော့ခိုင်က အီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



### ကန့်ဘလူ

ကန့်ဘလူမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့်လက်တွေ့သရုပ်ပြမဲပေးခြင်းများကို အောက်တိုဘာ ၂ ရက်က ကန့်ဘလူမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ကန့်ဘလူခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးတို့က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးရဲမင်းသော်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့သရုပ်ပြမဲပေးကြသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



### မြစ်သား

မြစ်သားမြို့နယ်၌ ဆန္ဒမဲပေးစက် MEVM အသုံးပြုမှုသရုပ်ပြပွဲကို အောက်တိုဘာ ၄ ရက်က ဘူတာရပ်ကွက်ရှိ ဓမ္မပါလဓမ္မာရုံ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးမှ ဦးစီးအရာရှိ ဒေါ်ယဉ်မွန်ဖိုး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖွဲ့စည်းပုံကို ရှင်းလင်းပြောကြားပြီး ဘူတာရပ်ကွက်မှ ပြည်သူများအား မဲပေးခြင်းသရုပ်ပြသခဲ့သည်။ **ဝါဝါမြင့်(မြစ်သား)**

### ကြံခင်း

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာန၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းကို အောက်တိုဘာ ၄ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှိုင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးမြင့်လှိုင်က မဲပေးစက်၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်နှင့် အရာထမ်း၊ အမှုထမ်း၊ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက MEVM စက်ဖြင့် စမ်းသပ်မဲပေးကြသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့လေဆိပ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် အောက်တိုဘာ ၄**
မွန်ပြည်နယ်၏ မြို့တော်မော်လမြိုင်မြို့ သန့်ရှင်းသာယာလှပပြီး မြို့၏အင်္ဂါရပ်များနှင့် ကိုက်ညီစေရေးအလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ မော်လမြိုင် မြိုင်သာယာရပ်ကွက် မော်လမြိုင်လေဆိပ်ရှိ လေယာဉ်ကွင်းပြေးလမ်း လမ်းဘေးဝဲ/ယာတစ်လျှောက်၌ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က လေဆိပ်ပရဝဏ်သန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်ရန်၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေးနှင့် ကောင်းမွန်သောခရီးသွားဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရေးတို့ကို လေဆိပ်တာဝန်ခံနှင့်တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မြို့သန့်ရှင်းသာယာလှပမှုရှိစေရေး၊ စွန့်ပစ်အမှိုက်များ ကင်းရှင်းစေရေးအတွက် ရပ်ကွက်နေပြည်သူများသည် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုတွင် ပူးပေါင်းပါဝင်ပြီး အပတ်စဉ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သာသနိက အဆောက်အုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၄**
၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့ရှိဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများနှင့်သာသနိကအဆောက်အအုံများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်း (အခမဲ့)စမ်းသပ်ဆေးကုသပေး

**ပန်းတောင်း အောက်တိုဘာ ၄**
ပန်းတောင်းမြို့နယ် ဥဿျှစ်ပင်တိုက်နယ်ဆေးရုံ၌ ပြည်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမော်ဦး ဦးဆောင်ကာ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ယမန်နေ့မှစတင်ကာ ဥဿျှစ်ပင်တိုက်နယ်ဆေးရုံ၌အခြေပြု၍ ဒေသခံပြည်သူများအား နယ်လှည့်ကွင်းဆင်း(အခမဲ့) ဆေးကုသပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆေးဝါးကုသပေးရာတွင် အထွေထွေရောဂါအထူးကု၊ ခွဲစိတ်ရောဂါအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ မျက်စိအထူးကု၊ သွားနှင့်ခံတွင်းအထူးကု၊ ဓာတ်မှန်အထူးကု၊ အရိုးအကြောအထူးကု ဆရာဝန်ကြီးများက စုစုပေါင်းလူနာ ၂၆၅ ဦးကို အခမဲ့စမ်းသပ်ကုသပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

# စစ်တောင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄**
ယနေ့မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော် ကျော်လွန်နေပြီး နောက် ၁ ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက် ၁ ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၄** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။




၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံပေးအပ်

ပဲခူး အောက်တိုဘာ ၄

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး တက်ရောက်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များက "ရွှေဆုတွေဝိုင်း ရွှေပဲခူးတိုင်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ ပေးအပ်မည့် အောင်နိုင်ရေးအလံသည် ပဲခူးတိုင်းဒေသကြီးအတွက် ရွှေတံဆိပ်ဆုများ ရရှိနိုင်ရန်နှင့် ယခင်နှစ်များထက် ပိုမိုမြင့်မားသော အောင်မြင်မှုများ ရရှိစေရန် တာဝန်ပေးလိုက်သည့် အမှတ်အသားတစ်ခု ဖြစ်ကာ ပြိုင်ပွဲဝင်များအားလုံး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်၊ အချင်းချင်း ရိုင်းပင်းကူညီကြရန် တိုင်းဒေသကြီး၏ ဂုဏ်ကို ဆောင်နိုင်အောင် ရွှေတံဆိပ်ဆုများစွာရရှိနိုင်ရေး အစွမ်းကုန် အားသွန်ခွန်စိုက်ပမ်း ယှဉ်ပြိုင်သွားကြစေလိုကြောင်း ပြောကြားကာ ပြိုင်ပွဲဝင်များအား ချီးမြှင့်ငွေနှင့် အောင်နိုင်ရေးအလံကို ပေးအပ်သည်။

ယင်းနောက် ပြိုင်ပွဲဝင်များက အခြေခံပညာ(၁၀-၁၅)အဆင့် "ကဗျာလွတ်" အကဖြင့် လည်းကောင်း၊ အလွတ်တန်းအဆင့် ပြိုင်ပွဲဝင်များက "ထားဝယ်ယန်းအက"ဖြင့်လည်းကောင်း၊ အခြေခံပညာ(၁၅-၂၀)အဆင့် "ဒိုးပတ်" အတီးအကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ဗဟိုအဆင့် ယှဉ်ပြိုင်ရမည့်အခြေအနေနှင့် စခန်းသွင်းလေ့ကျင့်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရာတွင် ပျားအိမ်များ တိုးချဲ့ချထားရန် ပုဂ္ဂလိကပျားမွေးမြူသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးရာတွင် ပျားအိမ်များ တိုးချဲ့ချထားရန်နှင့် ပျားမွေးမြူမှုမြှင့်တင်ပြီး ပျားထွက်ပစ္စည်းမှ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ပုဂ္ဂလိက ပျားမွေးမြူသူများနှင့် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးရုံး၌တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများမှ ပျားမွေးမြူသူများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စားသုံးဆီဖူလုံရေး နေကြာတိုးချဲ့စိုက်ပျိုးရေးနှင့် ဆက်စပ်ပြီး ပျားမွေးမြူမှုနှင့် ပျားရည်ထွက်ရှိမှု တိုးတက်လာသည့် အခြေအနေ၊ ဌာနနှင့် ပုဂ္ဂလိက ပျားအုံမွေးမြူထားရှိမှု၊ ပုဂ္ဂလိကပျားမွေးမြူမှု၊ ပုဂ္ဂလိက ပျားရည်ထွက်ရှိမှု၊ ပျားရည်၊ ပျားဖယောင်း သန့်စင်အလုပ်ရုံမှ ပျားရည်ကုန်ကြမ်း သန့်စင်ပေးနိုင်မှု၊ ပြည်ပသို့ ပျားရည်တင်ပို့နိုင်မှု အလားအလာ၊ နိုင်ငံခြားငွေရရှိမှု၊ မျိုးကောင်း မျိုးသန့် ပျားဘုရင်မ ဖြန့်ဖြူးရောင်းချပေးနိုင်မှု၊ ပြည်သူသို့ ပျားမွေးမြူခြင်းဆိုင်ရာ တိုးချဲ့ပညာပေး သင်တန်းများဖွင့်လှစ်နိုင်မှု၊ နေကြာစိုက်ခင်းများ၌ ပျားဖြင့် ဝတ်မှုန်ကူးဝန်ဆောင်မှုပေးနိုင်ရန် နေကြာသီးနှံတစ်ဧကလျှင် ပျားအုံတစ်အုံနှုန်း ချထားပေးနိုင်ရေးနှင့် ပြည်တွင်း၌ပျားစာပင်အမျိုးအစားအလိုက် စိုက်ပျိုး၍ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ပျားရောဂါကာကွယ်ထိန်းချုပ်မှု အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ၊ ပျားမွေးမြူရေး တောင်သူများနှင့် လုပ်ငန်းရှင်များ၏ နေကြာစိုက်တောင်သူများအနေဖြင့် ပျားအုံများတိုးချဲ့မွေးမြူရန် လိုအပ်မှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပျားရည် ထုတ်လုပ်မှုနှင့် သန့်စင်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။



ယင်းနောက် မွေးမြူရေး သုတေသနစခန်းကို လည်းကောင်း၊ အေးသာယာကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးလှစိန်၏ ဆိတ်နှင့် သိုးမွေးမြူထားရှိမှုကို လည်းကောင်း၊ ညောင်ရွှေကျေးရွာအုပ်စု ကင်းတားကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးမြတ်စံ၏ ဇီဝက မွေးမြူရေးခြံတွင် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှုနှင့် တိရစ္ဆာန်အစာထုတ်လုပ်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# ဥတ္တရသီရိမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

နေပြည်တော်ကောင်စီဝင် ဦးဖေယျာလင်းသည် ဥတ္တရသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက သရက်တောကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌



ကျင်းပသော စိုက်ပျိုး၊ မွေးမြူရေး ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်ပြီး နေကြာနှင့် ပိုက်ဆံလျှော် မျိုးစေ့များကို တောင်သူများထံ ပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် သရက်တောကျေးရွာရှိ ဦးလှမြင့်၏ မြမဥ္ဇူမိသားစု ဆန်စက်နှင့်ဆီစက်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး၊ သစ်ပင်ပန်းပင်များ စိုက်ပျိုးရေးနှင့် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် သရက်တောကျေးရွာ တုန္နိုင်းမဗီစာကြည့်တိုက်သို့ သွားရောက်ပြီး စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် သရက်တောကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအတွင်း ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ် ကြေညာထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

**အောင်မျိုးဝင်း(ဥတ္တရ)**

# ဈေးကွက်အခိုင်အမာရရှိထားသည့် သီဟိုဠ်သရက်ကို ဧက ၃ သိန်းအထိ တိုးချဲ့စိုက်ပျိုးမည်

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာနိုင်ငံ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စိုက်ပျိုးထားသည့် နှစ်ရှည်ပင်အမျိုးအစား သီဟိုဠ်သရက်သီးနှံ အစေ့အဆန်သည် ပြည်တွင်းစားသုံးမှုအပြင် ပြည်ပ ပို့ကုန်ဈေးကွက်အဖြစ် အခိုင်အမာရရှိထားပြီးဖြစ်သဖြင့် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ စိုက်ပျိုးဧကသုံးသိန်းကို ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ သိရသည်။

မြန်မာနိုင်ငံတွင် ယခုလက်ရှိ စိုက်ပျိုး ဆောင်ရွက်နေသည့် သီဟိုဠ်သရက်စိုက်ဧကမှာ ဧကနှစ်သိန်းရှိပြီး ပြည်ပဈေးကွက် လိုအပ်ချက်အပေါ် မူတည်၍ ဧကသုံးသိန်း ထပ်မံတိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ရာ တိုးချဲ့စိုက်မည့်ဒေသများမှာ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ဖြစ်ကြောင်းသိရသည်။

"သီဟိုဠ်အဆန်ကို အများဆုံး တင်ပို့ရတာ အိမ်နီးချင်းတရုတ်နိုင်ငံ ဖြစ်ပါတယ်၊ နှစ်စဉ် အခုလာမယ့် ၂၀၂၆ ဖေဖော်ဝါရီလကနေ ဧပြီလအထိ စီးပွားဖြစ် စတင်ခူးဆွတ်ရမယ့်အချိန် ဖြစ်ပါတယ်၊ လာမယ့် ငါးနှစ်အတွင်းမှာ သီဟိုဠ်သရက်သီးနှံ ဧက ငါးသိန်း စိုက်ပျိုးဖို့ ညွှန်ကြားထားပါတယ်၊ လက်ရှိမှာ ဧက နှစ်သိန်း စိုက်ပျိုးထားပြီးဖြစ်တဲ့အတွက် ဧကသုံးသိန်းကို ထပ်မံတိုးချဲ့စိုက်ဖို့ စီမံချက် ရေးဆွဲထားပါတယ်၊ ကျွန်တော်တို့ဆီမှာက သီဟိုဠ်သရက်သီးနှံကို တစ်ပိုင်တစ်နိုင် စိုက်ကြတာရယ်၊ ခြံစည်းရိုးနဲ့ လေကာပင်တွေအဖြစ် စိုက်ကြတာများတယ်၊ ဝင်ငွေအနေနဲ့ ကတော့ အပင်သက်တမ်း သုံးနှစ်မှာ စပြီးအသီးသီးတယ်၊ ငါးနှစ်ဆိုရင် စီးပွားဖြစ် ဝင်ငွေရပြီဖြစ်ပါတယ်၊ ဒီစီမံချက်မှာ စီးပွားဖြစ်စိုက်ခင်းသစ်ကြီးတွေ ဖော်ထုတ်ရင်းနှီးစိုက်ပျိုးသွားကြဖို့ လုပ်ငန်းရှင် တောင်သူတွေကို ကျွန်တော်တို့ အားပေးကူညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ လိုအပ်တဲ့ နည်းပညာအပြင် တောင်သူရင်းနှီးကျွမ်းဝင်တဲ့ စိုက်နည်းကိုလည်း အားပေးသွားမှာဖြစ်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာမြတ်သူက ပြောသည်။

မြန်မာနိုင်ငံတွင် သီဟိုဠ်စေ့ကုန်ကြမ်းအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် သီဟိုဠ်အဆန် ထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၁၀၀ ခန့်ရှိကြောင်းသိရပြီး သီဟိုဠ်အဆန်ထုတ်လုပ်ရာတွင် အလေးချိန် တစ်ပေါင်လျှင် လုံးပြည့်အဆန် ၃၀၀ မှ ၃၂၀ ပါဝင်သည့် W 320 အမျိုးအစားနှင့် လုံးပြည့်အဆန် ၃၅၀ မှ ၄၀၀ ပါဝင်သည့် W400 အမျိုးအစား သီဟိုဠ်အဆန် နှစ်မျိုးကို အဆင့်အတန်း (Grade) များအလိုက် ထုတ်လုပ်လျက်ရှိပြီး တရုတ်၊ ထိုင်း၊ ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်းသိရသည်။

ဆက်လက်၍ ပြည်ပတင်ပို့မှု မှတ်တမ်းများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သီဟိုဠ်အဆန် ပြည်ပသို့တင်ပို့မှာ ၂၅၀၃ ဒသမ ၅၇၅ တန် ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၂၄ သန်း ရရှိခဲ့သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း သီဟိုဠ်အဆန် တင်ပို့မှုမှာ ၇၄၃၉ ဒသမ ၃၅၂ တန် ဖြစ်၍ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃၄ နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၆၅ သန်း ဝင်ငွေရရှိခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၄၉၃၅ ဒသမ ၇၇၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ရာ ၃၄ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၀၄၁ သန်း နိုင်ငံအတွက် ပိုမိုဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**ကိုပေါက်**
**(ဥက္ကာမြေ)**





# (၁၅)ကြိမ်မြောက် ပုညသင်္ဂဟဆွမ်းလောင်းအဖွဲ့ သီလရှင် အပါး ၃၀၀ ကျော်အား ဆွမ်းဆန်တော်လောင်းလှူ

**ရန်ကုန် အောက်တိုဘာ ၄**

(၁၅)ကြိမ်မြောက် ပုညသင်္ဂဟဆွမ်းလောင်းအဖွဲ့က ဝါတွင်းအရဏ်ဆွမ်းအလှူတော်ကို ယနေ့ ညနေပိုင်းက ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်း၌ ပြုလုပ်သည်။

အဆိုပါ အလှူတော်အဖြစ် ဝါဆိုဝါကပ်တော်မူကြကုန်သော စာသင်တိုက်ကြီးများအပါအဝင် ကျောင်းပေါင်း ၂၀ ကျော်မှ သံဃာတော်အရှင်သူမြတ်များနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း သာမဏေအပါး ၁၅၀၀ အား ဆွမ်း၊ ဆွမ်းဟင်းစုံလင်စွာဖြင့် အရုဏ်ဆွမ်းလှူဒါန်းခဲ့ပြီး အောင်ပွဲအဖြစ် ကြိုတင်ပင့်လျှောက်ထားသော သီလရှင်စာသင်တိုက်ပေါင်း ၁၃ ကျောင်းမှ သီလရှင် အပါး ၃၀၀ ကျော် တို့ကို အလှူရှင်များက ဆွမ်းဆန်တော် လောင်းလှူခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မြိတ်တက္ကသိုလ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**မြိတ် အောက်တိုဘာ ၄**

မြိတ်တက္ကသိုလ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲနှင့်စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု တက္ကသိုလ်ရပ် နတ်စင်လမ်းရှိ မြိတ်တက္ကသိုလ်ပင်မဆောင် (ပုလဲသစ္စာခန်းမ) ၌ အောက်တိုဘာ ၂ ရက်က ကျင်းပသည်။

ဦးစွာ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းအိက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ရည်ရွယ်ချက်နှင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းပြောကြားပြီး မြိတ်တက္ကသိုလ်ဆရာမများက မြတ်ဆရာသီချင်းဖြင့် ဆီမီးထွန်းညှိပူဇော်၍ ကန်တော့ခံအငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အား မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းအိက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**မြင့်ဦး(မြိတ်)**

# ဟုမ္မလင်းမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာဝန်ထမ်းများနှင့် ပြည်သူများအား ထောက်ပံ့ပေးအပ်

**ဟုမ္မလင်း အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် ဗန်းမောက်မြို့နယ်မှ စက်တင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိ ရောက်ရှိလာသော ယာယီနေရပ်စွန့်ခွာ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများအား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးထောက်ပံ့ပေးခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများအား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန် ငါးမျိုးကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက ဝန်ထမ်းတစ်ဦးလျှင် တစ်သိန်းကျပ်နှုန်းဖြင့် ငွေကျပ် ၄၇ သိန်းကို ဗန်းမောက်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမွန်အောင်ထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက အခြေခံစားသောက်ကုန် ငါးမျိုးကို ဗန်းမောက်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ် လဝကမှူး ဦးထွန်းဝင်းထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဟုမ္မလင်း(ပြန်/ဆက်)**

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း (၁၆-၉-၂၀၂၅ ရက်နေ့မှ ၃၀-၉-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer– 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသောအမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | မုဒုံမြို့ | ကောင်းမွန် | | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | | | | | |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် အောက်တိုဘာ ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅–၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ပဉ္စမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၃–၁၀–၂၀၂၅ ရက်မှ ၂၁–၁၁–၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်–

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)** အမှတ်–၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း–၀၉–၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်–၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း– ၀၂–၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း– ၀၅၇–၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း–၀၅၄–၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း– ၀၇၄–၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ–ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း– ၀၉–၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်–၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း – ၀၄၂–၂၅၃၇၃၊ ၀၄၂–၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း– ၀၄၃– ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှောင်)** အမှတ်–၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း– ၀၈၁–၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း–၀၅၉–၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## ချင်းပြည်နယ် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေး သီးနှံစိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပ



**ဟားခါး အောက်တိုဘာ ၄** ချင်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ချင်းပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအတွက် သီးနှံစိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက ဟားခါးခရိုင် စုပေါင်းရုံးချယ်ရီခန်းမဆောင်၌ ကျင်းပရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သီးနှံစိုက်ပျိုးတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးက ဟားခါးမြို့နယ်အတွင်းရှိ သီးနှံစိုက်ပျိုးတောင်သူများ၏ လိုလားချက်၊ လိုအပ်ချက်များနှင့် ပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြလိုသည့်အချက်များ လွတ်လပ်စွာ တင်ပြနိုင်ရန်အတွက် ယခုကဲ့သို့ တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ နှစ်စဉ်နှစ်တိုင်း ရန်ပုံငွေများ ခွဲဝေခွင့်ပြုခဲ့ကြောင်း၊ သို့ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်၏ စေတနာကို ကျေးဇူးတုံ့ပြန်သောအားဖြင့် မိမိရပ်ကွက်၊ ကျေးရွာရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းပါဝင်ခြင်း၊ ကျောင်းနေအရွယ်လူငယ်၊ လူရွယ်များအား ကျောင်းတက်နိုင်ရေး ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ယနေ့အခမ်းအနား တက်ရောက်လာကြသည့် သီးနှံစိုက်ပျိုး တောင်သူများအနေဖြင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ဆွေးနွေးဟောပြောချက်များကို သေချာမှတ်သားကြရန်နှင့် ထပ်မံသိရှိလိုသည့် အချက်များနှင့် ပြည်နယ်အစိုးရထံ တင်ပြလိုသည့် အချက်များကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ အမှတ် (၃) ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းရုံး၊ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြပြီး အခမ်းအနားတက်ရောက်လာကြသည့် သီးနှံစိုက်ပျိုးတောင်သူများက ထပ်မံသိရှိလိုသည့် အချက်များနှင့် တင်ပြလိုသည့် အချက်များကို ဆွေးနွေးတင်ပြကြကာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၄** တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၂၃၅ တန်၊ အခြားသစ် ၈ ဒသမ ၅၃၈ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၅၂၅၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် ပဲခူးမြို့နယ် ဥသျှောင်မြို့သစ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Pick Up တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ သနပ်ပင်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် မန္တလေးမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး၊ စားသောက်ကုန်ပစ္စည်းကိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၄၅၀၉၆၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck နှစ်စီး၊ Iveco Micro Bus တစ်စီး၊ Mitsubishi Fuso Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၄၅၀၉၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

